


# CBCM Herald

စီဘီစီအမ် သတင်းဂျာနယ်

cbcmosc@gmail.com

၀၉၅ ၁ ၅၂၅၈၀၈

(၁၅)ရက်၊ ဒီဇင်ဘာလ၊ ၂၀၁၆ ခုနှစ်။

အတွဲ(၁)၊ အမှတ်(၁၆)

မြန်မာနိုင်ငံကက်သလစ်သာသနာတော်၏ သတင်းဂျာနယ်








ကမ္ဘာအရပ်ရပ်သို့သွားကြ၍ဧဝံဂေလိတရားတော်ကိုဟောပြောကြလော့။

(မာကု ၁၆း၁၅)




**CBCM Herald (သတင်း)**

**နာယက**
ဆရာတော်ပီတာလွီစ်ကျာခူ

**အယ်ဒီတာချုပ်နှင့်ထုတ်ဝေသူ**
ဖာသာရ် လီအို နိန်းခန့်မန်

**ထုတ်ဝေခွင့်အမှတ်**
၀၁၇၂၅

**အယ်ဒီတာအဖွဲ့ဝင်များ**
ဖာသာရ် ဂျိမ်းဘရန်ဂျာ
ဖာသာရ်စောလောရင်းစ်
ဖာသာရ်ဝီလျံစိုး
ဖာသာရ် ဩဂုတ်စတင်းရွှေ
ဖာသာရ် ဘရန်မိုင်

**ဖြန့်ချီရေးတာဝန်ခံများ**
အာနားလွန်း
သာသနာ(၁၆)ခုနှင့် သူတော်စင်ဂိုဏ်းများမှ
လူထုဆက်သွယ်ရေးတာဝန်ခံများ

**ဒီဇိုင်းဖွဲ့စည်းပုံ**
စစ္စတာရ်ဒေါမိနစ်ဖန်၊ ရိုစ့်မေရီ

**ပုံနှိပ်တိုက်**
စိန်ဖေးဗီးယားပုံနှိပ်တိုက် (၀၀၂၆၂)
အမှတ်(၂၇)ဖဆပလရပ်ကွက်၊ ဂျိုးဖြူလမ်း
မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်။

**CBCM Herald သတင်းစာရုံးခန်း**
မြန်မာနိုင်ငံကက်သလစ်ဆရာတော်ကြီးများကျောင်း
လူထုဆက်သွယ်ရေးရုံးခန်း
၂၉၂(က)၊ ပြည်လမ်း၊ စမ်းချောင်း၊ ရန်ကုန်
ဖုန်း ၀၁ ၅၂၅၈၀၈
cbcmosc@gmail.com

**အတိုင်ပင်ခံများ**
CBCM အထွေထွေအတွင်းရေးမှူး၊
ငြိမ်းချမ်းရေးနှင့် တရားမျှတရေးကော်မရှင်၊
ကက်သလစ်ရှေ့နေများအဖွဲ့။

**ငွေလွှဲရန်**
ရိုးမဘဏ် နှင့် ကမ္ဘောဇဘဏ် မြေနီကုန်း၊ ရန်ကုန်။
နော်မြတ်နှင်းထွေး (၁၄/ဟသတ(နိုင်)၂၄၆၀၉၅
မဒမ်ဒိုက်လွန်း ၁၂/ဥကတ(နိုင်) ၁၅၇၃၃၂

# ဒီဇင်ဘာလအတွက် ရဟန်းမင်းကြီး၏ဆုတောင်းရန် ရည်ရွယ်ချက်

**ကမ္ဘာတစ်ဝှမ်းလုံးအတွက်ဆုတောင်းရန်ရည်ရွယ်ချက်မှာ-**
ကလေးများစစ်မှုထမ်းစေခြင်းကို ကမ္ဘာတစ်ဝှမ်းတွင်လုံးဝပပျောက်သွားစေရန်။

**သာသနာတော်အတွက်ဆုတောင်းပေးရန်ရည်ရွယ်ချက်မှာ-**
ဥရောပတွင် နေထိုင်ကြသော လူများတို့သည်ရှင်လန်းဝမ်းမြောက်ခြင်း၊ မျှော်လင့်ခြင်းနှင့် စစ်မှန်သော ငြိမ်းချမ်းခြင်းကို ပေးနိုင်သော ဧဝံဂေလိသတင်းကောင်း၏ ကောင်းမြတ်ခြင်း၊ လှပခြင်းနှင့်မှန်ကန်ပြည့်စုံခြင်းကို ပြန်လည်ရှာဖွေတွေ့ရှိခံစားနိုင်ရန်။

# မြင့်မြတ်သောဝိညာဉ်တော်အားဖြင့် ပဋိသန္ဓေယူတော်မူ၍ ကညာမာရိယာမှဖွားမြင်တော်မူသည်

ခရစ်တော်မွေးဖွားချိန်ရောက်ရှိလာသည်နှင့်အညီ ခရစ်တော်၏မွေးဖွားခြင်းကိုသိရှိရန် ကက်သလစ်သာသနာတော်၏သွန်သင်ချက်တစ်ချို့ကို ဖေါ်ပြလိုပါသည်။

"အချိန်ကျရောက်သောအခါ"၌ မာရိယာထံအမိန့်တော်ပြန်ခြင်းဖြင့် ကဏ္ဍသစ်တစ်ခုကို ဖွင့်လိုက်ခြင်းဖြစ်၏။ မာရိယာသည် ပဋိသန္ဓေယူရန် ဖိတ်ခေါ်ခြင်းခံရ၍ "ဘုရားဇာတိအပြည့်အစုံသည် ကိုယ်ကာယပုံသဏ္ဍာန်ဖြင့် ကိန်းဝပ်တော်မူမည်" ဤအမှုအရာသည် မည်သို့ဖြစ်နိုင်မည်နည်း၊ အကြောင်းမူကား ကျွန်မခင်ပွန်းမရှိပါ"ဟု ကောင်းကင်တမန်တော်အား ဆိုလေ၏။ ထိုအခါ ကောင်းကင်တမန်က "ဝိညာဉ်တော်မြတ်သည် သင့်အပေါ်သို့ဆင်းသက်လိမ့်မည်ဟု CCC နံပါတ် (၄၈၄)တွင် တွေ့ရှိနိုင်ပါသည်။

ခမည်းတော်၏တစ်ပါးတည်းသောသားတော်ဖြစ်၍ ကညာမာရိယာ၏ဝမ်းတော်တွင် လူ့အဖြစ်ပဋိသန္ဓေစွဲစေတော်မူသော ပုဂ္ဂိုလ်သည် "ခရစ်တော်"သခင်ဖြစ်တော်မူ၏။ ဆိုလိုသည်ကား သူ၏လူ့အဖြစ်တည်ရှိသည့်အချိန်မှစ၍ ဝိညာဉ်တော်မြတ်အားဖြင့် ဘိသိက်ပေးခြင်းကိုခံတော်မူ၏။ သို့သော်လည်း ဤဖြစ်ပျက်မှု အမှန်ကို ဖော်ပြခြင်းသည် တဖြည်းဖြည်းချင်း တိုးတက်စွာဖြစ်ပျက်ရာ သိုးထိန်းများပညာရှိမင်းသုံးပါးများ၊ဆေးကြောခြင်းဆရာယောဟန်နှင့်တပည့်တော်များထံသို့ တဖြည်းဖြည်းချင်းဖော်ပြခံခြင်းဖြစ်၏။ ဤသို့ဖြင့်ယေရှုးခရစ်တော်၏ဘဝအသက်တာတစ်ခုလုံး၌ "ဘုရား သခင်သည် နာဇရက်မြို့သားယေရှုးကို ဝိညာဉ်တော်မြတ်နှင့် တန်ခိုးတော်အားဖြင့် ဘိသိတ်သွန်းလောင်းတော်မူခဲ့၏။

မယ်တော်မာရိယာကို ကက်သလစ်အသင်းတော်ယုံကြည်ရသည့် အကြောင်းရင်းမှာခရစ်တော်ကိုယုံကြည်ရသည့် အကြောင်းရင်းပေါ်မူတည်သည်။ ၎င်းအပြင်မယ်တော်မာရိယာအကြောင်းကိုသွန်သင်ရာ၌ ခရစ်တော်အကြောင်းကို ပို၍ ပေါ်လွင်စေသည်။ (CCC နံပါတ် - ၄၈၇)

"ဘုရားသခင်သည် မိမိသားတော်ကိုစေလွှတ်တော်မူခဲ့၏။" သို့သော်သားတော်အတွက် ကိန်းဝပ်ရာကိုယ်ခန္ဓာတော်ကိုပြင်ဆင်ရာတွင် ကိုယ်တော်သည် သူဖန်ဆင်းထားသော သတ္တဝါတို့၏လွတ်လပ်စွာ ပါဝင်လုပ်ဆောင်ကြ ခြင်းကို အလိုရှိမူသည်။ ဘုရားသခင်က သူ့သားတော်အတွက် အမိမယ်တော်ကို အစ္စရာအဲလ်သမီးဖြစ်သော ဂါလေ လေးယပြည်နယ်၊ နာဇရက်မြို့သူ ဂျူးအမျိုးသမီးကိုထာဝရမှရွေးကောက်တော်မူ၏။ "ဒါဝိဒ်မျိုးနွယ်ဝင် ဂျိုးဇက်အမည်ရှိ သောသူနှင့် စေ့စပ်ထားသည့် အပျိုကညာတစ်ဦးထံသို့စေလွှတ်တော်မူ၏။ အပျိုကညာ၏အမည်ကား မာရိယာဖြစ် သတည်း" (CCC နံပါတ် ၄၈၈)

ပဋိညာဉ်အဟောင်းကာလတစ်လျှောက်တွင် မြောက်များစွာသောမြင့်မြတ်သော အမျိုးသမီးများ၏ဆောင်ရွက် မှုသည် မာရိယာလုပ်ငန်းကဲ့သို့ ပြင်ဆင်ခဲ့ကြ၏။ ကမ္ဘာဦးအစ၌ ဧဝသည် နာခံမှုမရှိခဲ့သော်လည်း နောင်လာနောင်သားများအတွက် ကတိပေးခြင်းခံရ၏။ ယင်းကတိတော်မှာ အမျိုးသမီးသည် ဆိုးဝါးယုတ်မာသူအပေါ် အောင်မြင်ခြင်း ရရှိမည်ဖြစ်သည့်အပြင် အသက်ရှင်သူအပေါင်းတို့၏မိခင် ဖြစ်လိမ့်မည်ဟူသော ကတိတော်ဖြစ်၏။ ဤကတိပေးခြင်းကို ထောက်ထား၍ ဆာရာသည် အသက်ကြီးရင့်သော်လည်း သားတစ်ဦးကို ပဋိသန္ဓေစွဲခဲ့၏။ လူသားအားလုံးတို့မျှော်လင့် ထားသည်နှင့်ဆန့်ကျင်၍ မိခင်ဟန္နာ၊ ဒေဘိုးရာ၊ ရုသ်၊ ဂျူဒစ်၊ အက်စတာနှင့်များစွာသော အခြားအမျိုးသမီးများဖြစ်ကြ၏ သခင်၏နှိမ့်ချပြီး ဆင်းရဲသူများထဲမှ မာရိယာသည် ပေါ်လွင်ထင်ရှား၏။ သူမသည် အစဉ်တစိုက်သူ့ထံမှ ကယ်တင် ခြင်းရရှိရန်စောင့်မျှော်သူဖြစ်၏။ နှစ်ပေါင်းမြောက်များစွာစောင့်မျှော်ပြီးနောက် မျှော်လင့်ရာအချိန်ကာလသည်မယ်တော် ၌ ပြည့်စုံခြင်းသို့ရောက်၏။ စီအွန်၏သတို့သမီးသည် မြောက်စားခြင်းခံရပြီး၊ ကယ်တင်ခြင်း၏ စီမံကိန်းအသစ်ကို တည် ဆောက်နိုင်ခဲ့၏။" (CCC နံပါတ် ၄၈၉)

သို့ဖြစ်ပါသဖြင့် ခရစ်တော်၏မွေးဖွားခြင်းကို ကျင်းပသည့်အခါတိုင်း ပုဂ္ဂိုလ်သုံးပါးဘုရားတစ်ဆူနှင့် မိခင်မယ်တော် မာရိယာတို့ကို မေ့ချန်ထား၍မရနိုင်ကြောင်းသိစေချင်ပါသည်။ (အယ်ဒီတာချုပ်)

## မြန်မာပြည်က စစ်ပွဲများအားလုံး ရပ်စဲကြပါ<br>မြိုးခြိုပါရှောင်၍ ဆုတောင်းခြင်းအမှုပြုခြင်းအားဖြင့်<br>၂၀၁၇-ခုနှစ်ကို ငြိမ်းချမ်းရေးနှစ်ဖြစ်စေပါ။<br>မြန်မာပြည်မှ ချစ်လှစွာသော ညီအစ်ကိုမောင်နှမအပေါင်းတို့၊

" "ပျော်ရွှင်ဖွယ်နှစ်သစ်ဖြစ်ပါစေ" "

ကျွန်ုပ်တို့ဟာ နှစ်စဉ်နှစ်တိုင်း တစ်ဦးနဲ့တစ်ဦး အခုလိုမျိုးနှုတ်ဆက်ကြပါတယ်။

ဒါပေမဲ့ အမှန်အတိုင်းပြောရရင် တိုင်းပြည်ရဲ့နေရာအတော်များများမှာ ပျော်ရွှင်မှုမရှိကြပါဘူး။ တိုက်ပွဲတွေဆက်လက်ဖြစ်ပွားနေပါတယ်။ စစ်ဘေးရှောင်စခန်းက ဒုက္ခသည်(၂)သိန်းကျော်အဖို့တော့ ပျော်ရွှင်ဖွယ်နှစ်သစ် မဖြစ်နိုင်ပါဘူး။

နှစ်ပေါင်း(၆၀)လောက်ကတည်းက အစပြုခဲ့တဲ့စစ်မီးဟာ တောက်လောင်နေဆဲပါ။ ကမ္ဘောဒီယားဆိုရင် သူတို့တိုင်းပြည်ရဲ့ ပဋိပက္ခကိုရအောင် ဖြေရှင်းနိုင်ခဲ့တယ်။ ဗီယက်နမ်ဆိုရင်လည်း ပြည်တွင်းစစ်ပွဲတွေကို အပြီးသတ်နိုင်ခဲ့တယ်။ သူတို့တွေဟာ ငြိမ်းချမ်းတဲ့လမ်းစဉ်နဲ့အတူ ဖွံ့ဖြိုးတိုးတက်မယ့်အလားအလာရှိနေကြပါပြီ။ ကျွန်ုပ် တို့နိုင်ငံမှာတော့ ဘယ်သူမှအနိုင်မရနိုင်တဲ့စစ်ပွဲကို ဆင်နွှဲနေကြတုန်းပါပဲ။ တစ်ခုတည်းသောရလဒ်ကတော့ ပြည်သူ အပေါင်း နှလုံးစိတ်ဝမ်းကြေကွဲရပြီး လူပေါင်းများစွာ စစ်ဘေးရှောင်ဖို့ နေရပ်စွန့်ခွာထွက်ပြေးနေရတာပါပဲ။

နိုင်ငံသူနိုင်ငံသားအများစုဟာ ကာလကြာရှည်ဖြစ်ပွားနေခဲ့တဲ့စစ်ပွဲကို ဒီအတိုင်းပဲ တိတ်တဆိတ်ကြည့်နေ ခဲ့ရပါတယ်။ ယခု ကျွန်ုပ်တို့အားလုံး ငြိမ်းချမ်းရေးအတွက် အတူတကွလုပ်ဆောင်ကြပါစို့။ ၂၀၁၇-ခုနှစ်ကို အမှန်တကယ်ပဲ ပျော်ရွှင်ဖွယ်နှစ်သစ် တစ်ခုဖြစ်စေဖို့အတွက် ကျွန်ုပ်တို့ ဘာသာတရားအားလုံး၊ လူမျိုးအားလုံးအတူတကွ လုပ်ဆောင်ကြဖို့ အချိန်ရောက်ပါပြီ။

လက်နက်နဲ့တုံ့ပြန်ခြင်းအားဖြင့် ငြိမ်းချမ်းရေးမရနိုင်ဘူးဆိုတာ ကျွန်ုပ်တို့သိနေကြပါပြီ။ တရားမျှတမှုရှိရင် ငြိမ်းချမ်းရေးရနိုင်ပါတယ်။ တွေ့ဆုံဆွေးနွေးအဖြေရှာရင်လည်း ငြိမ်းချမ်းရေးရဖို့ အလားအလာရှိပါတယ်။

ဒါကြောင့် ၂၀၁၇-ခုနှစ်၊ ဇန်နဝါရီလ ၁ ရက်နေ့ကို ""မြန်မာပြည်ငြိမ်းချမ်းရေးအတွက် ဆုတောင်းခြင်းနှင့် မြိုးခြိုပါရှောင်ရာနေ့ရက်""အဖြစ် ဘာသာတရားအားလုံးအတူတကွပါဝင်ဆုတောင်းကြဖို့ ဖိတ်ခေါ်လိုပါတယ်။

ကျွန်ုပ်တို့ဆုတောင်းဝတ်ပြုရာနေရာဖြစ်တဲ့ ဘုန်းကြီးကျောင်း၊ ဘုရားကျောင်း၊ ဘုရားစေတီနဲ့ ဗလီတွေကို သွားရောက်တဲ့ နေရာမှာလည်း ""စစ်ပွဲများ ရပ်စဲကြပါ""ဆိုတဲ့စာသားပါတဲ့ ကဒ်တွေ၊ အလံတွေ သယ်ဆောင်သွားကြပါစို့။

ဒါကြောင့် နှစ်သစ်ရဲ့ပထမဆုံးနေ့ရက်မှာ ငြိမ်းချမ်းရေးအတွက် ဆုတောင်းပြီး လူသားတို့ရဲ့စိတ်နှလုံးပြောင်းလဲစေဖို့ မြိုးခြိုပါရှောင်ကြပါစို့။

စစ်ပွဲများရပ်စဲကြပါ။ ၂၀၁၇-ခုနှစ်ကို ငြိမ်းချမ်းရေးနှစ်ဖြစ်စေပါ။

**ကာဒီနယ်ချားလ်စ်ဘို(ရန်ကုန်ဂိုဏ်းချုပ်သာသနာ)**





# အာစီးရီးယားခေါင်းဆောင်များနှင့်အတူပုပ်ရဟန်းမင်းကြီးက ကမ္ဘာကြီးငြိမ်းချမ်းရေးအတွက်ဆုတောင်း

ဗာတီကန်။ ၁၇၊၁၁၊၂၀၁၆။

အရှေ့ပိုင်း အာဆီးရီးယားအသင်း တော်ခေါင်းဆောင် Mar Gewargis III နှင့် ပုပ်ရဟန်းမင်းကြီးတို့သည် နိဝင်ဘာလ (၁၇) ၊ ကြာသပတေးနေ့တွင် တွေ့ဆုံပြီး ငြိမ်းချမ်းရေးအတွက်ဆုတောင်းခဲ့ကြသည်။ ပုပ်ရဟန်းမင်းကြီးက ဆီးရီးယားနှင့် အီရတ် ပဋိပက္ခများတွင် ဒုက္ခရောက်ခဲ့ကြရသော အပြစ်မဲ့ခါးစာခံများတို့၏ ဒုက္ခဝေဒနာများ ကိုညီနိုင်းအဖြေရှာပေးရန် မည်သည့်အရာ ကမှ မလုပ်ဆောင်နိုင်ခဲ့ကြောင်းကို အရှေ့ ပိုင်းဆီးရီးယန်းအသင်းတော်ခေါင်းဆောင် Mar Gewargis III နှင့် တွေ့ဆုံခြင်း၌ပြော ကြားသွားခဲ့သည်။ Mar Gewargis III သည် လွန်ခဲ့သောနှစ်က ကက်သလစ်ဆိုင် ရာ ကျမ်းတတ်ဆရာကြီးများ အဖွဲ့ချုပ်မှ ရွေးချယ်ခန့်အပ်ထားခဲ့သော အရှေ့ပိုင်းဆီး ရီးယန်း အသင်းတော်ခေါင်းဆောင် တစ်ဦး ဖြစ်ကာ ဗာတီကန်သို့ ယခုပထမဦးဆုံး အကြိမ်အဖြစ် ရောက်ရှိလာခဲ့သူဖြစ်သည်။ သတင်းထောက် Philippa Hitchen's ၏ တင်ပြသတင်းပေးပို့ချက်အရ တပည့်တော် ကြီး သောမတ်(စ်) နှင့် ဘာတိုလိုမေဦးတို့ ၏အနွယ်အပွားလေးများအဖြစ်ကျန်ရှိသော ထိုအသင်းတော်၏ ခေါင်းဆောင်ဖြစ်သော Mar Gewargis III နှင့်တွေ့ဆုံရာ၌ ပုပ်ရ ဟန်းမင်းကြီးက ခရစ်ယာန်အပါအဝင်အ ခြားသော ဘာသာဝင်များအတွက် ကြီးမား ဆိုးဝါးစွာထိခိုက်နာကျင်စေခဲ့သော အရှေ့ အလယ်ပိုင်းတွင်ဖြစ်ပွားခဲ့သောပဋိပက္ခများ ကိုအဆုံးသတ်နိုင်ရန် လုပ်ဆောင်ပေးကြပါ




မည့်အကြောင်း မေတ္တာရပ်ခံတောင်းဆိုခဲ့ သည်။ ဗာတီကန်နန်းတော်ရှိ ခရစ်ယာန် များမှာမူ ကားတိုင်လမ်းလှည့် ဆုတောင်း ခြင်းကို နေ့စဉ်နေ့တိုင်း ပြုလုပ်လျက်ရှိနေ ကြပါသည်။ တနည်းအားဖြင့် သူတို့သည် ကျွန်ုပ်တို့၏ ယုံကြည်ခြင်းဗဟိုတွင်ခရစ် တော်သည် အမြဲတည်ရှိနေခြင်း၊ မတူညီကွဲ ပြားခြားနားနေသော်လည်း သူ၏ချစ်ခြင်း သတင်းစကားတွင် အတူနေထိုင်ရန်၊ ပြန် လည်သင့်မြတ်ရန်၊ ခွင့်လွှတ်ကြရန် စသည် တို့ကို ကျွန်ုပ်တို့က သတိမူသိရှိလာစေရန် အသိပေးပြောပြနေပါသည်။

***မွေးအာဇာနည်တို့၏ သွေးစက်တို့သည် စည်လုံးခြင်း၏မျိုးစေ့ဖြစ်လာသည်။***

အချစ်ဖြင့်သွန်းလောင်းသောခရစ် တော်၏ အသွေးတော်သည် စည်လုံးခြင်း နှင့်ပြန်လည်သင့်မြတ်ခြင်း ကျေးဇူးများကို ပေးနိုင်ခဲ့သည်။ ထိုနည်းတူစွာအသွေးသွန်း အသက်စွန့်ခဲ့သော မွေးအာဇာနည်တို့၏ သွေးတို့သည်လည်း ခရစ်ယာန်တို့၏စည်း လုံးခြင်းအတွက် မျိုးစေ့ဖြစ်လာခဲ့သည်။

***ဒသနိကဆိုင်ရာအပြန်အလှန်ဆွေးနွေးညှိ နှိုင်းခြင်းနှင့် လက်တွေ့ကျသောပူးပေါင်း ဆောင်ရွက်မှု***

ဆက်လက်ပြီး ပုပ်ရဟန်းမင်းကြီး က ခရစ်ယာန်နှင့် အရှေ့ဆီးရီးယန်း အသင်းတော်တို့အကြား ကောင်းမွန်သော ပေါင်းသင်းဆက်ဆံရေးသည်လည်း အရေး ကြီးကြောင်း၊ ရဟန်းမင်းကြီးဒုတိယမြောက် ဂျွန်ပေါလ်နှင့် အသင်းတော်ခေါင်းဆောင် Mar Dinkha IV တို့ လက်မှတ်ရေးထိုးခဲ့ သည့် ကနဦးက အသင်းတော်နှစ်ခုအကြား ဘာသာတရားဆိုင်ရာ အပြန်အလှန်နား လည်မှုအကြောင်းကို ပြန်လည် မိန့်ကြား ကာ မိမိတို့အကြား ဘာသာရေးဆိုင်ရာ ကော်မတီများ အချင်းချင်း ပူးပေါင်းလုပ် ဆောင်ခြင်းများကိုလည်း အားပေးစကား ပြောကြားခဲ့သည်။ ကရုဏာရေး လုပ်ငန်း များကို အတူတကွပူးပေါင်းလုပ်ဆောင်ခြင်း အားဖြင့်လည်းအတိတ်ကဒဏ်ရာဒဏ်ချက်တရ များကို ကုသပျောက်ကင်းစေနိုင်ကြောင်း ကိုလည်း ပြောပြသွားခဲ့သည်။

***ခရစ်ယာန်သက်သေခံခြင်းများကို ဝေမျှလုပ်ဆောင်ခြင်း***

ပထမရာစုနှစ်မှ ခရစ်ယာန်ဘာသာ များနှင့်မတူဘဲ အရှေ့ပိုင်း အာစီးရီးယား အသင်းတော်သည်အရှေ့ပိုင်းအသင်းတော် ၏ထုံးတမ်းစဉ်လာများနှင့် လည်းကောင်း အနောက်ပိုင်း အသင်းတော်များနှင့်လည်း ကောင်းကွဲပြားခဲ့ကြပါသည်။အကြီးမြတ်ဆုံး သော ဧဝံဂေလိသတင်းကောင်းဝေမျှသက် သေခံသူများဖြစ်ကြသော ရဟန္တာများနှင့် မွေးအာဇာနည်များတို့၏ သမိုင်းများသည် ကျွန်ုပ်တို့နှင့်အတူ ခရီးပြုနေမည်ဖြစ်ပြီး ကျွန်ုပ်တို့၏ နှလုံးသားများကို စည်းလုံးခြင်း နှင့်ဝေမျှအသက်ရှင်ခြင်း၏လမ်းစဉ်သစ်များ ထဲနေထိုင်သက်သေခံရန် တောင်းဆိုနေပါ သည်ဟုဆိုကာ ပုပ်ရဟန်းမင်းကြီးက မိမိ၏ ဩဝါဒကို အဆုံးသတ်ပေးသွားခဲ့သည်ဟု ဗာတီကန်ရေဒီယိုမှသိရပါသည်။ CBCM-OSC

# ချောကလက်ဖြင့်ပြုလုပ်ထားသောနောသင်္ဘောကြီးတစ်စင်းကို ပုပ်ရဟန်းမင်းကြီးကလက်ဆောင်အဖြစ်လက်ခံရရှိ

ချောကလက်ဖြင့် ပြုလုပ်ထားသော နောသင်္ဘောကြီးတစ်စင်းကိုလက်ဆောင် အဖြစ်ရရှိသောကြောင့် ပုပ်ရဟန်းမင်းကြီး သည် အလွန်အံ့ဩဝမ်းသာခဲ့ရကြောင်းသ တင်းရရှိပါသည်။အရှင်သူမြတ်သည်ဗုဒ္ဓဟူး နေ့လူထုပရိသတ်များနှင့်တွေ့ဆုံခြင်းအပြီး တွင် ထိုကဲ့သို့ ဆန်းပြားသောလက်ဆောင် ကိုလက်ခံရရှိခဲ့ခြင်းဖြစ်သည်။

နောသင်္ဘောပုံစံ ပြုလုပ်ထား သောထိုလက်ဆောင် သင်္ဘောကြီးမှာ ချောက လက်၁၄ဂကီလိုဂရမ် ပါဝင်လျှက်၊ ဝက်ဝံရုပ်များဖြင့်ဝိုင်းပတ်ထားသောလက် ဆောင်ကြီးတစ်ခုလည်း ဖြစ်သည်။ ထို လက်ဆောင်ကို ပေးအပ်သူမှာ Genoa မြို့ရှိ ကလေးဆေးရုံကို ကူညီပံ့ပိုးမှု ပြုလုပ် နေသောကရုဏာရေးအဖွဲ့မှပေးပို့ ခြင်းဖြစ် သည်။

ထိုအသင်းအဖွဲ့တွင် အသင်းဝင် (၂၀၀) ရှိကာ နာမကျန်းဖြစ်သောသူများ၊ မိသားစုများထံသို့ နေ့စဉ် အလည်အပတ် သွားနေသော အဖွဲ့အစည်းတစ်ခုလည်း ဖြစ်သည်။ ချောကလက် လှေကြီးသည် အချိန်သုံးရက်ပေးကာ၊ အီတလီတဝှမ်းလုံး ရှိချောကလက်များမုန့်ညက်များနှင့်အသင့် စားသုံးနိုင်သော တရိစ္ဆာန်များဖြင့် ဖွဲ့စည်း ပြုလုပ်ထားခြင်းဖြစ်သည်။ "La banda degli Orsi" မှ Genoa ဆေးရုံရန်ပုံငွေရရန် အတွက် ရောင်းချပေးခဲ့ခြင်းဖြစ်သည်။ ထို လှေကြီးမှရသော ရံပုံငွေဖြင့်ကလေးဆေးရုံ ရှိလူနာများကိုလည်း ထောက်ပံ့ကူညီပေး သွားခဲ့သည်။ အထိရောက်ဆုံး နည်းလမ်း တစ်ခုအဖြစ် ယင်းချောကလက်လှေကြီးကို ပုပ်ရဟန်းမင်းကြီးကဗုဒ္ဓဟူးနေ့ လူထုပရိ




သတ်ကြီးနှင့်တွေ့ဆုံမှုအပြီးတွင် ရောမနိုင်ငံ ရှိသူငယ်တော်ယေရှု ကလေးဆေးရုံရှိ လူနာများအားတည်ခင်း ကျွေးမွေးဧည့်ခံခဲ့ ကြောင်းဗာတီကန်ရေဒီယိုမှ သတင်းရရှိပါ သည်။ CBCM-OSC

# ပုပ်ဖရန်စစ်သည် ကာဒီနယ်အသစ်များခန့်အပ်သော မစ္ဆားတရားတော်တွင် ဩဝါဒမြွက်ကြားခြင်း

ဗာတီကန်။ ၁၉၊၁၁၊၂၀၁၆

နိုဝင်ဘာလ ၁၉ ရက်၊ စနေနေ့က ပုပ်ရဟန်းမင်းကြီးဖရန်စစ်အရှင်သူမြတ်သည် စိန်ပီတာ ဘာဆီးလီးကားကျောင်းတော်ကြီးတွင် ကာဒီနယ်အသစ်များခန့်အပ်သည့် မစ္ဆားတရားတော်ကြီး၌ ရှင်လုကား ဧဝံဂေလိကျမ်းစာထဲတွင် တွေ့ရသော လွင်ပြင်ပေါ်မှ တရားဒေသနာတော်အကြောင်းကို ထောက်ရှုကာ ယခုကဲ့သို့ တရားပေးမြွက်ကြားခဲ့သည်။

"သခင်ယေရှုဟာ တောင်ထိပ်ပေါ်ကနေ တပည့်တော်ကြီးတွေကို လူတွေရှိရာ လွင်ပြင်ဆီကို ခေါ်ချလာပြီး လူတွေကြားမှာ နေစေတယ်။ ဒါဟာတပည့်တော်ကြီးတွေကိုရော ကျွန်ုပ်တို့အားလုံးကိုပါ သခင်ခရစ်တော် ပြဋ္ဌန်း သွန်သင်ပေးနေတဲ့ အချက်၊ တနည်းအားဖြင့် လွင်ပြင်ဆိုတာ တောင်အမြင့်ရှိတဲ့နေရာကို မျှော်ငေးကြည့်နိုင်တဲ့နေရာဒေသ၊ အဖဘုရားသခင်သည် သနားကြင်နာခြင်း ရှိသကဲ့သို့ ကျွန်ုပ်တို့သည်လည်း သနားကြင်နာခြင်းထားရှိကြရန်ကို ဖိတ်ခေါ်နေခြင်းဖြစ်သည်ဟုဆိုကာ အသစ်ရွေးချယ်ခန့်အပ်ခဲ့သော ကာဒီနယ်ကြီးများအား အရှင်သူမြတ်ပုပ်ဖရန်စစ်က မြွက်ကြားခဲ့သည်မှာ ချစ်လှစွာသောညီအစ်ကိုတို့ ၊ သခင်ယေရှုဟာ တောင်ပေါ်ကနေ လွင်ပြင်ကို တောက်လျှောက် ဆင်းလာနေတယ်။ သနားကြင်နာခြင်းဧဝံဂေလိသတင်းကောင်းကို ကြေငြာဖို့ ကျွန်ုပ်တို့ရဲ့ သမိုင်းစာမျက်နှာထဲကို အမြဲတစေ ဝင်ရောက်လာဖို့ဆန္ဒရှိသူဖြစ်တယ်။ လူတွေရှိနေတဲ့နေရာလွင်ပြင်ဆီကို ပို့ဆောင်ဖို့သခင်ယေရှုး ကျွန်ုပ်တို့ကို ဆက်လက်ဖိတ်ခေါ်နေတယ်။ လူတွေကို မျှော်လင့်ချက်တွေနဲ့ ဆက်လက်ရှင်သန်နေစေဘို့အတွက် ကျွန်ုပ်တို့ရဲ့ဘဝတွေကိုအချိန်ပေးကြရန် ကျွန်ုပ်တို့ကိုဖိတ်ခေါ်နေတာဖြစ်ပါတယ်။သို့မှသာ လူအများဟာ၊ ကြေအေးခြင်း အမှတ်လက္ခဏာကို မြင်နိုင်ကြမှာဖြစ်တယ်။အနာတရဖြစ်နေတဲ့ ကျွန်ုပ်တို့ရဲ့ ညီအစ်ကိုမောင်နှမတွေရဲ့ဝေဒနာတွေကို မြင်နိုင်ဘို့ အမြဲတစေ ကျွန်ုပ်တို့ရဲ့မျက်စိတွေကိုဖွင့် နားတွေကိုစွင့်ထားကြရမှာဖြစ်ပါတယ်။ ချစ်လှစွာသောညီအစ်ကိုကာဒီနယ်များတို့ကောင်းကင်နိုင်ငံတော်ကိုလှမ်းတဲ့ခရီးဟာ နေ့စဉ်ပေါင်မုန့်ကိုဖဲ့ကာဝေငှခြင်း၊ အတူနေထိုင်အချိန်ပေးခြင်းတွေပြုတဲ့လွင်ပြင်ကနေစပါတယ်။ခွင့်လွှတ်ကြေအေးခြင်းတွေ ဖြစ်တည်တဲ့နေရာ ဖြစ်လာဖို့ဘုရားလူမျိုးတော်တွေနဲ့ အတူ၊ လွင်ပြင်အသက်တာမှာ စစ်မှန်တဲ့ စံနှုန်းပြည့်မှီတဲ့ ချစ်ခြင်းမေတ္တာကို ပေးဝေနိုင်ဘို့ရည်မှန်းချက်နဲ့ နှိုးဆော်မှုတွေအားဖြင့် ကြိုးပမ်းကြရမှာဖြစ်ပါတယ်။

ဒီနေ့ ကျမ်းစာတော်မြတ်အတိုင်း သင်တို့၏ နှလုံးသားထဲမှလာသော သနားကြင်နာခြင်းထားရှိကြရန် ဒီနေ့ညီတော်နောင်တော်အားလုံး တစ်ဦးစီကိုသခင်ခရစ်တော်က ဖိတ်ခေါ်နေပါတယ်" ဟုဆိုကာ အသစ်ခန့်အပ်သော ကာဒီနယ်ကြီးများအား စိန်ပီတာဘာဆီးလီးကားကျောင်းတော်ကြီးတွင် ကျင်းပသော မစ္ဆားတရားတော်မြတ်၌ အရှင်သူမြတ် ပုပ်ဖရန်စစ်က မြွက်ကြားခဲ့သည်ကို ဗာတီကန်ရေဒီယို သတင်းအရ သိရှိရပါသည်။

RVA

# သနားကြင်နာခြင်းဂျူဘီလီနှစ်ပိတ်ပွဲအတွက်ကြိုးပမ်းဆက်ကပ်သူများအား ပုပ်ဖရန်စစ်ကျေးဇူးတင်ခြင်း

ဗာတီကန်။ ၂၈၊၁၁၊၂၀၁၆

နိုဝင်ဘာလ ၂၈ ရက်၊ တနင်္လာနေ့က ပုပ်ရဟန်းမင်းကြီးဖရန်စစ် အရှင်သူမြတ်သည် သနားကြင်နာခြင်း ဂျူဘီလီနှစ်ပိတ်ပွဲဖြစ်မြောက်ရေးတွင် အဘက်ဘက်မှ ဆက်ကပ်ကာ ကြိုးပမ်းဆောင်ရွက်ခဲ့ကြသော ဧဝံဂေလိသတင်းကောင်းကို အသစ်သောနည်းဖြင့် ကြေငြာဟောပြောခြင်းဆိုင်ရာပုပ်ရဟန်းမင်းကြီး ရုံးတော်ကောင်စီ၏ ခေါင်းဆောင် ဂိုဏ်းချုပ်ဆရာတော်ကြီး **Archbishop Rino Fisichella** အပါအဝင်၊ ၎င်းအဖွဲ့သားများနှင့်အတူ၊ ဘာသာရေးနှင့် နိုင်ငံရေးပုဂ္ဂိုလ်များ၊ ပြည်သူ့ရဲတပ်ဖွဲ့များ၊ အီတလီလုံခြုံရေးအဖွဲ့စသည်တို့ နှင့်တွေ့ဆုံကာ၎င်းတို့အား ကျေးဇူးတင်ခဲ့ပါသည်။ ရိုးရှင်းသောခံစားချက်မှ စတင်ဖြစ်ပေါ်လာခဲ့ပြီး ကမ္ဘာတစ်ဝှမ်းလုံးရှိ ခရစ်ယာန်အဖွဲ့အစည်းများအတွက် ဝမ်းမြောက်ပျော်ရွှင်ခြင်းနှင့်ယုံကြည်ခြင်းကို ကျင်းပနိုင်သော အခြေအနေသို့ ဘုရားရှင်သည်ပြောင်းလဲပေးခဲ့ခြင်းဖြစ်သည်ဟု အရှင်သူမြတ်ပုပ်ဖရန်စစ်က သနားကြင်နာခြင်းဂျူဘီလီနှစ်ကျင်းပရန်အတွက် ၎င်းရရှိခဲ့သော မူလအိုင်ဒီယာကို ဝေငှခဲ့ပါသည်။

ကာသီဒြယ်ကျောင်းတော်ကြီးများနှင့်ဗိမာန်တော်ကြီးများတွင် ဖွင့်လှစ်ခဲ့သော သနားကြင်နာခြင်း ဂျူဘီလီတံခါးတော်သည် လူအများအတွက် ဘုရားသခင်၏ သနားကြင်နာခြင်းကို တွေ့ကြုံခံစားနိုင်စေခဲ့ကြောင်း၊ သနားကြင်နာခြင်းထူးခြားဂျူဘီလီနှစ်၏ အသီးအပွင့်သည် ယခုအခါကျွန်ုပ်တို့၏ နေ့စဉ်ဘဝသက်တာတွင် တစ်စိတ်တစ်ပိုင်းဖြစ်လာနေပြီဖြစ်ကာ ဤသို့ဖြင့် သနားကြင်နာခြင်း ဆိုသည့်အရာသည် ခရစ်ယာန်များအားလုံး၏ နေ့စဉ်ဘဝအသက်တာတွင် စစ်မှန်စွာဖြင့် နေထိုင်ကျင့်သုံးလာတော့မည့် တည်မြဲသော ဘဝနေထိုင်မှုစတိုင်လ်တစ်ခု ဖြစ်လာကြောင်းဝတ်ပြုကိုးကွယ်ခြင်းပြက္ခဒိန်၏ နောက်ဆုံးနေ့ရက်ဖြစ်သော နိုဝင်ဘာလ ၂၀ ရက်နေ့တွင်ပြီးဆုံးခဲ့သည့် သနားကြင်နာခြင်းဂျူဘီလီနှစ်တစ်လျှောက်လုံးတွင်၊ ဘေးကင်းလုံခြုံရေးနှင့် ချောမောစွာ ဂျူဘီလီနှစ်ကိုကျင်းပနိုင်ရန်ကူညီပေးခဲ့ကြသည့် အဖွဲ့အစည်းများအားလုံးနှင့်အတူ အယောက်ဆီတိုင်းအား ကျေးဇူးတင်ပါကြောင်း အရှင်သူမြတ်ကမြွက်ကြားခဲ့ပါသည်။

အထူးသဖြင့် ဆွတ်ဖ်သက်တော်စောင့်များနှင့်အတူ ပူးပေါင်းကာ တာဝန်ယူခဲ့ကြသော အီတလီ အိမ်ယာတာဝန်ခံများ၊ လာဇီးယို နယ်မြေတာဝန်ခံများ၊ နယ်ခံပြည်သူ့ရဲများတို့အားလည်းကောင်း၊ ဗာတီကန်ရဲအရာရှိများနှင့် အခြားအခြားသော ဗာတီကန်ရုံးတော် အဖွဲ့အစည်းများအားလုံးတို့အား၊ ဂျူဘီလီနှစ်တစ်လျှောက် ရောမမြို့သို့ဘုရားဖူးလာရောက်ကြသည့် သန်းနှင့်ချီသော ဘုရားဖူးများ အားလုံးတို့အတွက် အကောင်းဆုံးသော အတွေ့အကြုံများပေးနိုင်ရန်ကို ဆက်ကပ်ခဲ့ကြခြင်းများအတွက်ကိုလည်းကောင်း၊ဧဝံဂေလိသတင်းကောင်းကို အသစ်သောနည်းဖြင့် ကြေငြာဟောပြောခြင်းဆိုင်ရာ ပုပ်ရဟန်းမင်းကြီးရုံးတော်ကောင်စီနှင့် ဂျူဘီလီနှစ်ကို အကောင်းဆုံးကျေးဇူးတော်နှစ်ဖြစ်စေရန် ဆက်ကပ်ခဲ့ကြသော ကမ္ဘာတစ်ဝှမ်းမှ ရောမမြို့သို့ လာရောက် ဆက်ကပ်သူများအားလုံးကို အထူးကျေးဇူးတင်ရှိကြောင်း အရှင်သူမြတ်က ဆိုကာ၊ ၎င်းတို့၏ ကြိုးပမ်းမှုများအတွက် သနားကြင်နာတော်မူသော ဘုရားရှင်၏ ကောင်းကြီးမင်္ဂလာတော်များ တစ်ဦးစီခံစားရရှိပါစေဟု အရှင်သူမြတ် ပုပ်ဖရန်စစ်က ကောင်းကြီးပေးခဲ့သည် ဆိုခြင်းကို ဗာတီကန်ရေဒီယို သတင်းအရ သိရှိရပါသည်။

RVA

# ပုပ်ရဟန်းမင်းကြီးဖရန်စစ် ဗီယက်နမ်သမ္မတနှင့်တွေ့ဆုံ

ဗာတီကန်။ ၂၃၊၁၁၊၂၀၁၆

ဗာတီကန်၏ ပြောကြားချက်အရ ပုပ်ရဟန်းမင်းကြီးနှင့် ဗီယက်နမ်သမ္မတတို့သည်နိုဝင်ဘာ(၂၃)ရက်နေ့တွင် ဗာတီကန်၌တိတ်တဆိတ် ရင်းရင်းနှီးနှီးတွေ့ဆုံခဲ့ကြရာတွင် အများအကျိုး သယ်ပိုးလိုသော စိတ်ရှိပြီး ၎င်းအတွက် ဘယ်အရာကိုအသုံးပြုသင့်သည်ကို မှန်မှန်ကန်ကန်ရှာဖွေတွေ့ရှိရန်လိုအပ်ကြောင်း၊ နှစ်နိုင်ငံကြား ဆက်ဆံရေးကောင်းမွန်မှ တိုးတက်မည်ဖြစ်ကြောင်း၊ ထိုအရာများကို အတူတကွလက်တွဲလုပ်ဆောင်ခြင်းနှင့် အပြန်အလှန်လေးစားမှုရှိမှရရှိနိုင်မည်ဖြစ်ကြောင်း အဓိကဆွေးနွေးသွားခဲ့သည်ဟုသိရသည်။ သမ္မတသည်ကြေးနီနှင့် ခဲမဖြူစပ်တုံးဖြင့်ပြုလုပ်ထားသော ပုံ (ဒရမ်) တစ်လုံးကိုပုပ်ရဟန်းမင်းကြီးအားလည်းကောင်း၊ ပုပ်ရဟန်းမင်းကြီးကလည်းသူ့အား ရဟန်းမင်းကြီး၏အမှတ်တံဆိပ်နှင့် **Evangelii gaudium, Amoris laetitia, and Laudato si** စသည့်စာချွန်တော်များ တစ်စုံစီကိုသော်လည်းကောင်း အပြန်အလှန်လက်ဆောင်များ ဆက်သခဲ့ကြကြောင်းသိရသည်။ သမ္မတသည် ဗာတီကန်၏ အတွင်းရေးမှူးကာဒီနယ်ကြီးPietro Parolinနှင့်နိုင်ငံတကာဆက်သွယ်ရေးဌာနမှ ဆရာတော်ကြီး Paul R.Gallagher တို့နှင့်လည်း တွေ့ဆုံခဲ့ကြောင်း ဗာတီကန်သတင်းမှ သိရှိရပါသည်။ **CBCM-OSC**



# ပုပ်ရဟန်းမင်းကြီးက မူးယစ်ဆေးဝါးမှီဝဲသူများအား ခေတ်သစ်ကျွန်ဟုခေါ်ဆို

**ဗာတီကန်။ ၂၄၊၁၁၊၂၀၁၆။**

ပုပ်ရဟန်းမင်းကြီးက မူးယစ်ဆေးဝါးကိုမှီဝဲသူအား ခေတ်သစ်ကျွန်ဟုသော်လည်းကောင်း၊ လူ့အဖွဲ့အစည်း၏ အနာအဆာ(နာကြင်မှု)တစ်ခု ဟုသော်လည်းကောင်းသတ်မှတ်ကြောင်း၊ ၎င်းတို့ကိုပညာရေးနှင့် ထပ်တလဲလဲ ဆန့်ကျင်ရမည်ဟု "မူးယစ်ထုံထိုင်းဆေး" ခေါင်းစည်းဖြင့်ဗာတီကန်တွင်(၂)ရက်တိတိ ပြုလုပ်သောဆွေးနွေးပွဲသို့ ပေးပို့သော မက်စေ့ချ်တွင် ထည့်သွင်း ရေးသားထားကြောင်းသိရသည်။

၎င်းထောင်ချောက်ထဲ၌ မျှောပါသောပုဂ္ဂိုလ်များသည် လွတ်လပ်မှုပျောက်ဆုံးသွားရုံမက ခေတ်သစ်ကျွန်လည်းဖြစ်သွားကြောင်း၊ မူးယစ်ဆေးဝါး သောက်သုံးကြရသည့် အကြောင်းရင်းကို ပြန်စဥ်းစားလျှင် များစွာသောအကြောင်းတရားများရှိကြောင်း၊ အချို့မှာမိသားစုဝင်မရှိခြင်း၊ လူမှုရေးဖိနှိပ်ချုပ်ချယ်မှုကြောင့် လူကုန်သူများမှ ဝါဒဖြန့်ခြင်း၊ သူ/သူမကိုယ်တိုင်အတွေ့အကြုံအသစ်ကလေးများရလိုခြင်း စသည်တို့ကြောင့်ဖြစ်နိုင်သည်။လွတ်လပ်သောပုဂ္ဂိုလ် တိုင်း ကွဲပြားခြားနားသောစရိုက် ကိုယ်စီရှိကြသည်။ သိနားလည်တတ်သော၊ ချစ်ခင်ထိုက်သော၊ နားလည်နိုင်စွမ်းရှိသော၊ သန့်ရှင်းသောစသည့် စရိုက်ကိုယ်စီရှိကြသည်။ သို့သော် ကျွန်ုပ်တို့သည် ပြင်ပကိုကြည့်ပြီးခွဲခြားဆက်ဆံရန်မသင့်ပါ။ မူးယစ်သမားများသည် ကုသခြင်းနှင့် လူ့ဂုဏ်သိက္ခာရှိရှိနေထိုင်နိုင်ရန် ကူညီသင့်သည်။ သူတို့သည် ထိုကဲ့သို့နေထိုင်ရန်ထိုက်တန်ပါသည်။

ဘုရားသားသမီးတစ်ယောက်လိုတစ်သက်လုံးနေထိုင်သင့်သည်။ လူပေါင်းများစွာ မူးယစ်ထုံဆေးများမှီဝဲကြ၊ အပျော်အပါးသို့ကျရောက်ကြသည်မှာ သိပ်တော့မထူးဆန်းလှပါ။ လောကီ၊ လောကရေးရာအပျော်အပါးသည် ကမ္ဘာ၌ပြည့်နက်နေခြင်းကြောင့်ဖြစ်ပါသည်။ ပုပ်ရဟန်းမင်းကြီးက မူးယစ်ဆေးဝါးသည် ကမ္ဘာနှင့် ဆိုင်သောပြဿနာဖြစ်သောကြောင့်၎င်းအရာများနည်းသထက်နည်းသွားရန် အားလုံးပါဝင်ဆောင်ရွက်ကြပါဟုတိုက်တွန်းထားကြောင်း ဗာတီကန်သတင်းမှ သိရှိရပါသည်။CBCM-OSC



# ကမ္ဘာ့လူငယ်များနေ့များအတွက်ခေါင်းစဥ်ကိုဗာတီကန်က တရားဝင်ထုတ်ပြန်

**ဗာတီကန်။ ၂၄၊၁၁၊၂၀၁၆။**

လာမည့် ၂၀၁၇၊ ၂၀၁၈၊ ၂၀၁၉ ခုနှစ်များတွင် အသီးသီးပြုလုပ်မည့် ကမ္ဘာ့လူငယ်များနေ့ ခေါင်းစဥ်များကိုဗာတီကန်သတင်းစာရုံးက နိုဝင်ဘာလ၊ ၂၂ ရက်နေ့တွင်ထုတ်ပြန်လိုက်ပြီးဖြစ်သည်။ ထိုနှစ်များအတွက် နှစ်အသီးသီး၏ခေါင်းစဥ်ကို ပုပ်ရဟန်းမင်းကြီးကိုယ်တိုင်က ရွေးချယ်ထားပေးခြင်းဖြစ်သည်ဟုလည်း ဖော်ပြထားပါသည်။ နှစ်အလိုက် မေတ္တာပန်းတနင်္ဂနွေနေ့တွင် ကျင်းပလေ့ရှိသော ကမ္ဘာ့လူငယ်များနေ့ခေါင်းစဥ်အသီးသီးကို ပုပ်ရဟန်းမင်းကြီးက ရှင်လုကာ ဧဝံဂေလိကျမ်းမှ အခြေခံကာ ထုတ်ပြန်ထားခြင်းဖြစ်ပါသည်။ ၂၀၁၇ ခုနှစ် ၃၂ ကြိမ်မြောက် ကမ္ဘာ့လူငယ်များနေ့ခေါင်းစဥ်မှ " တန်ခိုးနှင့်ပြည့်စုံသောဘုရားသည် အံ့ဘွယ်သောကျေးဇူးတော်ကိုငါ့အားပြုတော်မူပြီ၊ ထိုဘုရား၏နာမတော်သည်ရှိသေဖွယ်ဖြစ်တော်မူ၏" ရှင်လုကာ( ၁း၄၉) ဖြစ်ပြီး၊ ၂၀၁၈ ခုနှစ် ၃၃ ကြိမ်မြောက် ကမ္ဘာ့လူငယ်များနေ့အတွက် ခေါင်းစဥ်မှာ" မာရိကြောက်ရွံ့ခြင်းမရှိပါနှင့်၊ အကြောင်းမှာ သင်သည်ဘုရားသခင်ရှေ့တော်၌မျက်နှာရပြီ" ဟူသောရှင်လုကာကျမ်း၏ အခန်းကြီး (၁) အခန်းငယ်(၃၀)မှ ကောက်နုတ်ထားသည်။

(၃၄) ကြိမ်မြောက် ကမ္ဘာ့လူငယ်များနေ့ကြီးကိုမူ ၂၀၁၉ ခုနှစ်၊ ပနားမားတွင်ပြုလုပ်မည့် စုပေါင်းကမ္ဘာ့လူငယ်များနေ့ပွဲတော်ကြီးကို ရှင်လုကာကျမ်း (၁း၃၈) မှ "မာရိကအကျွန်ုပ်သည် ထာဝရ ဘုရား၏ကျွန်မဖြစ်ပါ၏ ကိုယ်တော်၏စကားအတိုင်းအကျွန်ုပ်၌ဖြစ်ပါစေ"ဟူသောကျမ်းချက်ကိုခေါင်းစဥ်ကြီးအဖြစ်ရွေးချယ်ခြင်းဖြစ်သည်။ ယင်းနှစ်များအတွက်ပြဌာန်းသောခေါင်းစဥ်ကြီးများသည် အရှင်သူမြတ်ပုပ်ဖရန်းစစ်၏လွန်ခဲ့သောနှစ်များမှ ကမ္ဘာ့လူငယ်များနေ့တို့၏(ဘုရားရှင်အားချီးမွမ်းခြင်း) ခေါင်းစဥ်များအပေါ်ပြန်လည်သုံးသပ် ထောက်ရှုခြင်းမှထွက်ရှိလာသောကျမ်းချက်အကိုးအကားများဖြစ်သည်။ လွန်ခဲ့သော ၂၀၁၆၊ ဩဂုတ်လ(ခရက်ကောင်း)တွင်ကျင်းပသော ကမ္ဘာ့လူငယ်များနေ့တွင် လူငယ်တို့အားအတိတ်ကို ပြန်ဆန်းစစ်သုံးသပ်ရန်၊ ပစ္စုပ္ပန်အတွက်သတ္တိရှိရှိနေထိုင်ရန်နှင့် အနာဂတ်အတွက်မျှော်လင့်ချက်ထားကြရန် ဖိတ်ခေါ်ခဲ့ခြင်းကိုပြန်လည်ဖော်ထုတ်ပြခဲ့သည်။ လာမည့်သုံးနှစ်တာကမ္ဘာ့လူငယ်များနေ့ကိုအမိမယ်တော်နှင့်ဆိုင်သော ကျမ်းချက်များကိုသာရွေးချယ်ထားခြင်းမှာ ထိုလာမည့်သုံးနှစ်တာကာလတစ်ခုလုံး လူငယ်များတို့၏




ဝိညာဥ်ရေးရာခရီးလမ်းကို အမိမယ်တော်နှင့်အတူ ဆင်ခြင်ခရီးဆက်ရန်ဖြစ်သည်။ တစ်ချိန်တည်းတွင်လည်း ယခုလက်ရှိ ၂၀၁၇၊ လာမည့် ၂၀၁၈ နှင့် ၂၀၁၉ နှစ်များအတွင်းလျှောက်လှမ်းကြရမည့် လမ်းညွှန်ကိုပေးခြင်းလည်းဖြစ်ကာ ခရစ်ယာန်တို့၏မြင့်မြတ်ပါရမီများဖြစ်သော ယုံကြည်ခြင်း၊ မျှော်လင့်ခြင်း၊ ချစ်လေးမြတ်ခြင်းပါရမီများတို့၌ မြစ်ဖျားခံခြင်းလည်းဖြစ်ပါသည်။ ထိုအရာသည် "လူငယ်၊ ယုံကြည်ခြင်းနှင့် ခေါ်တော်မူခြင်းဆိုင်ရာ သုံးသပ်ဆန်းစစ်ခြင်း" ဟူသော ခေါင်းစဥ်ဖြင့် ကျင်းပမည့် ဆရာတော်ကြီးများ ညီလာခံအတွက်လူငယ်များမှလည်း လိုက်လျောညီထွေစွာအတူအကွ သုံးသပ်နိုင်ရန် လမ်းစပေးခြင်းလည်းဖြစ်သည်ဟု ဗာတီကန်သတင်းဌာနမှသတင်းထုတ်ပြန်ထားပါသည်။CBCM-Osc

# အာဒဝင်တူးကာလသည်ကျွန်ုပ်တို့၏နှလုံးသားနယ်ပယ်များကိုချဲ့ထွင်ရန်ဖိတ်ခေါ်

နိုဝင်ဘာလ ၂၇ ရက်နေ့ အာဒ်ဝင်တူး ပထမအပတ်တနင်္ဂနွေနေ့အန်ဂျေလူးမေတ္တာဆိုစဥ်တွင် ပုပ်ရဟန်းမင်းကြီးက ခရစ်ယာန်များတို့၏ ဝတ်ပြုကိုးကွယ်ခြင်းဆိုင်ရာနှစ်သစ်ကိုစတင်ခဲ့သည်။ စုရုံးနေကြသောလူထုဘုရားဖူးများအား မိန့်ခွန်းပြောကြားရာ ၌ ပုပ်ရဟန်းမင်းကြီးက "အာဒ်ဝင်တူးပထမအပတ်၏ သမ္မာကျမ်းစာသည် ကျွန်ုပ်တို့အား အာဒ်ဝင်တူးရာသီစက်ဝိုင်း၏ အရေးကြီးသော (ဘုရားရှင်သည်ကျွန်ုပ်တို့လူသားဆီသို့ ကြွရောက်လည်ပတ်ခြင်း) ကို မိတ်ဆက်ပေးပါသည်။ ဘုရားရှင်၏ ကြွရောက်လည်ပတ်မှုပုံစံ(၃) မျိုးကိုလည်းပြောပြပေးသွားခဲ့သည်။ ပထမလည်ပတ်ခြင်းသည်(Christmas ) ဟုခေါ်ဆိုသော အတိတ်ကာလက ခရစ်တော်ဘုရားလူ့ဇာတိအဖြစ်ခံယူလူ့ျက်မွေးဖွားခြင်း၌ဖြစ်သည်။ ဒုတိယလည်ပတ်ခြင်းမှာ ယခုလက်ရှိကာလ ကျွန်ုပ်တို့၏ နေ့စဥ်အသက်တာထဲ အဖြစ်အပျက်အခြေအနေတိုင်းတွင် ခရစ်တော်ဘုရားကြွလာခြင်းဖြစ်သည်။ တတိယကြွရောက်လည်ပတ်ခြင်းမှာ နောက်ဆုံးကာလဟုလည်းဆိုနိုင်သော ခရစ်တော်သည် ဘုန်းတန်ခိုးတော်ကြွလာတော်မူ၍ သေသူရှင်သူတို့ကို စီရင်ဆုံးဖြတ်ပေးမည့်နောက်ဆုံးနေ့ တရားစီရင်ခြင်းအချိန်ပင်ဖြစ်သည်။ အာဒ်ဝင်တူးကာလ

စာမျက်နှာ(၆)သို့

စာမျက်နှာ(၅)မှအဆက်

သည်ကျွန်ုပ်တို့၏ နေ့စဉ်ဘဝနေထိုင်လည်ပတ်ပုံနှင့် မျှော်လင့်မထားနိုင်သော ခရစ်တော်၏ တဖန်ကြွလာမည့်နေ့အကြား ကွဲပြားခြားနားခြင်းများကို သုံးသပ်ထောက်ရှုဆင်ခြင်ရန် အားပေးတိုက်တွန်းပေးပါသည်။ ယနေ့ကြားနာရသောသမ္မာကျမ်းစာများသည် ကျွန်ုပ်တို့ကို ကြောက်ရွံ့သွားစေရန် ခြိမ်းခြောက်နေခြင်းမဟုတ် ကျွန်ုပ်တို့၏နယ်ပယ်များကို ပိုမိုကျယ်ဝန်းစေရန် ဖွင့်ထားပေးစေလိုခြင်းသာဖြစ်သည်။ ကျွန်ုပ်တို့၏ နေ့စဉ်အသက်တာများကို ပိုမိုအဓိပ္ပါယ်ပြည့်ဝစေနိုင်ရန် ရှုထောင့်ပေးခြင်းသာဖြစ်သည်။ ထိုရှုထောင့်အမြင်များသည် ကျွန်ုပ်တို့အား လောကအရာများ၏လွှမ်းမိုးမှု မခံရစေရန် လောကအရာများကို သူ့နေရာနှင့်သူ အသုံးချခြင်းဖြင့် ထိုအရာများအပေါ်အလွန်အကျွံ မှီခိုအားထားခြင်းမျိုးမဟုတ်ဘဲ လောကအရာများထက် ပိုမိုသာလွန်အရေးကြီးသော မြင့်မြတ်သော ခရစ်တော်နှင့် နောက်ဆုံးကာလတွေ့ဆုံခြင်းကို စဉ်းစားတွေးခေါ်ပြင်ဆင်ထားရန်ဖြစ်သည်။ အာဒ်ဝင်တူးကာလသည် ခရစ်တော်ကြွလာမည့်အချိန်ကို မသိသောကြောင့် ကျွန်ုပ်တို့အား အမြဲ နိုးနိုးကြားကြားရှိနေရန်၊ လောကကိုချန်ထားရန် အသင့်ရှိနေရမည့်အနေအထားဖြင့် ရှိနေရပါမည်ဟု မိန့်ကြားခဲ့သည်။ အာဒ်ဝင်တူးကာလ ခရစ်တော်၏ကြွလာခြင်းအတွက် ပြင်ဆင်နေသော အချိန်ရာသီတွင် ကျွန်ုပ်တို့အသက်တာများရှိ နေ့သစ်တိုင်း၏ လုပသစ်လွင်ခြင်းကို ဝမ်းမြောက်ဝမ်းသာစွာလက်ခံနိုင်ရန် ကျွန်ုပ်တို့၏နလုံးသား မိုးကုတ်စက်ဝိုင်းကို တတ်နိုင်သမျှ အကျယ်ဆုံးဖြစ်ရန် ချဲ့ဖြန့်ထားရပါမည်။ ထိုသို့ပြုလုပ်နိုင်ရန် ကျွန်ုပ်တို့သည် မိမိ၏လုပ်နိုင်ကိုင်နိုင်ခြင်းများ၊ ကိုယ်ပိုင်စီမံကိန်းများ၊ မိမိ၏ပြည့်စုံခြင်းများအပေါ်တွင် မှီခိုအားထားခြင်းထက် ဘုရားလက်တော်ထဲဝယ် မိမိတို့၏ဘဝ၊ စီမံကိန်းနှင့် ကြံရွယ်ချက်များကို အပ်နှံထားတတ်ရန်လိုအပ်ပါသည်” ဟုဆိုကာ မိမိ၏ဩဝါဒကို အဆုံးသတ်သွားခဲ့ကြောင်း ဗာတီကန်ရေဒီယိုမှ သတင်းရရှိပါသည်။ CBCM-OSC

# ငွေကြေးချမ်းသာမှုသည် အုပ်စိုးချယ်လှယ်ရန်မဟုတ်ပဲ အစေခံခြင်းအတွက်ဖြစ်ရန်

ဗာတီကန်နိုင်ငံတွင် တရားမျှတရေးနှင့် ငြိမ်းချမ်းရေးဆိုင်ရာ ရဟန်းမင်းကြီး အသိအမှတ်ပြုကောင်စီမှ ဦးဆောင်ကျင်းပကာ “စီးပွားရေးခေါင်းဆောင်ကြီးများသည် စီးပွားရေးနှင့် လူမှုရေးများပါဝင်လျှက်လုပ်ဆောင်သော အေဂျင့်များဖြစ်လာရန် ”ဟူသောရည်ရွယ်ချက်ဖြင့်ပြုလုပ်သော ( UNIAPAC ) အစည်းအဝေးကြီးတွင် ပုပ်ရဟန်းမင်းကြီးသည်လည်းပါဝင်တက်ရောက်ခဲ့ပါသည်။ အဖွင့်အမှာစကား၌ ပုပ်ရဟန်းမင်းကြီးက ထိုညီလာခံတွင်ပါဝင်တက်ရောက်သူများနှင့်အတူ ယနေ့ခေတ်စီးပွားရေးလောက၏ စိန်ခေါ်မှုများဖြစ်သော ငွေကြေးကို မှန်ကန်သင့်လျော်စွာအသုံးချရန်၊ ရိုးသားဖြောင့်မတ်ခြင်းနှင့် စည်းလုံးညီညွတ်ခြင်းစသည့် အကြောင်းအရာ (၃) ခုအကြောင်းကို သူတို့နှင့်အတူ သုံးသပ်သွားပေးခဲ့သည်။ ပုပ်ရဟန်းမင်းကြီးက ထိုစိန်ခေါ်မှုတို့ကို သတိမူရန်ပါဝင်တက်ရောက်သူများတို့အား သတိပေးခဲ့သည်။ ထိုအစည်းအဝေးကို နိုဝင်ဘာလ ၁၇-၁၈ ရက်များတို့တွင် ကျင်းပပြုလုပ်ခြင်းဖြစ်သည်။

***<u>ငွေကြေးများကို သင့်လျော်မှန်ကန်စွာ အသုံးချတတ်ရန်</u>***

ပုပ်ရဟန်းမင်းကြီးက “ငွေသည် လူကျင့်ဝတ်တရားနှင့် ကိုက်ညီစွာအသုံးချနိုင်ရေးပြောဆိုဖို့ရန် အခက်ခဲဆုံးခေါင်းစဉ်တစ်ခုဖြစ်သည်။ တနည်းအားဖြင့်ဆိုရလျှင် ငွေသည် ရမ္မက်စိတ်၏ တွင်းနက်ကြီးဖြစ်သည်။ ငွေကြေး၏ လုပ်ဆောင်မှုသည် အစေခံရန်အတွက်ဖြစ်ပြီး အုပ်စိုးချယ်လှယ်ရန်မဟုတ်ပါ။ ငွေကြေး၌ တိကျသောတန်ဖိုးသတ်မှတ်ချက်မရှိ အဆုံးပန်းတိုင်မရှိ ၊ အသုံးပြုသောနေရာ၊ ကုန်ဆုံးသွားသော အခါအပေါ်တွင်သာမူတည်ပါသည်။ တစ်စုံတစ်ဦးကငွေကြေး၏အဆုံးနှင့် စံနှုန်းကို ပြောဆိုနေလျှင် ထိုသူသည် ငွေကြေး၏ လွှမ်းမိုးမှုအောက်၌ ကျရောက်နေလေပြီဟုကျွန်ုပ်တို့ ဆိုနိုင်ပါသည်။ စီးပွားရေးသမားများသည် ငွေကြေး၏လုပ်ဆောင်နိုင်မှုကို တွေ့မြင်သိရှိနေကြသော်လည်း ငွေ




ကြေးအားရယူရှာဖွေခြင်း၌သာ အသက်ဖြစ်တည်မနေသင့်ပါ။ လိုအပ်သည့်နေရာများတွင် အစေခံကူညီရန် အသင့်ရှိသော အခြေအနေတွင် တည်ရှိနေရပါမည်။ ဆက်လက်ပြီး ပုပ်ရဟန်းမင်းကြီးက ဈေးကွက်၏ အတိုးဈေးစားစနစ်ကို အပြင်းအထန်ရှုတ်ချခဲ့သည်။ အတိုးဈေးစားသည့်စနစ်သည် ချမ်းသာသောသူများအတွက် ပို၍အဆင်ပြေတိုးတက်ပွားများစရာအကြောင်းရင်းဖြစ်စေပြီး ချို့တဲ့သူအတွက်မှာမူ ပို၍ခက်ခဲရာ အကြောင်းဖြစ်စေသောကြောင့်ဖြစ်သည်။ ချမ်းသာသူတစ်ဦး၏ အနားပတ်လည်ကို ဆင်းရဲသားများက ခြံရံနေစေခြင်းဖြင့် အလှဆင်ထားသကဲ့သို့ ဖြစ်သည်။ ကမ္ဘာ့ အတိုင်းအတာအနေဖြင့် ထိုကဲ့သို့ဖြစ်ပျက် နေခြင်းဖြစ်သည်။” ဟု ပုပ်ရဟန်းမင်းကြီး က သုံးသပ်ပြခဲ့သည်။

***<u>ရိုးသားဖြောင့်မတ်ခြင်း</u>***

ဆက်လက်ပြီးပုပ်ရဟန်းမင်းကြီးက ဒုတိယစိန်ခေါ်မှုဖြစ်သော “ ရိုးသားဖြောင့်မတ်ခြင်း” ကို ဆွေးနွေးသွားခဲ့သည်။ မရိုးသားခြင်းသည် လူမှုရေး၏အဆိုးဝါးဆုံးသောကပ်ရောဂါတစ်ခုဖြစ်သည်။ ထိုအရာသည်လူ့ကျင့်ဝတ်တရားနှင့် လူမှုရေးကျင့်ဝတ်ဆိုင်ရာ စဉ်းစားတွေးခေါ်နိုင်စွမ်းကို ကျွန်ုပ်တို့ထံမှဆွဲနုတ်ပြစ်သောနိယာမတစ်ခုနှင့် ကျွန်ုပ်တို့ကို ရုပ်တု၊ တစ်ခုပဏာဖြစ်စေသောအရာဖြစ်သည်ဟု ပုပ်ရဟန်းမင်းကြီးကအတိအလင်းပြဌာန်းပြောဆိုခဲ့သည်။ မည်သည့်နည်းဖြင့်မဆို မရိုးမသားကြံစည်ခြင်းသည် ငွေကြေးကို ကိုးကွယ်ရန်စတင်ခြင်းဖြစ်သည်။ ထို့နောက်ပုပ်ဖရန်းစစ်က ဗာတီကန်ရှိ ဂျွန်ပေါ VI ခန်းမကို လက်ညှိုးညွှန်ပြလျှက် ထိုနေရာ ထိုအခန်းတွင်း၌ပင် ရောမအင်ပါယာ နေရိုးဘုရင်၏ဆက်ကပ်အဖွဲ့များ အသုံးပြုနေထိုင်ခဲ့သည့်အခန်းလည်းဖြစ်သည့်နည်းတူ စိန်ပီတာနှင့်များစွာသောဓမ္မအာဇာနည်များက နတ်ဘုရားကို မကိုးကွယ်ရန် ကြွေးကြော်ပြီးအသေခံခဲ့သော အခန်းလည်းဖြစ်သည် ဟု ပြောပြပေးသွားခဲ့သည်။

***<u>တပေါင်းတစည်းတည်းအတူတကွလုပ်ဆောင်ခြင်း</u>***

စီးပွားရေးလောက၏ တတိယစိန်ခေါ်မှုဖြစ်သော တပေါင်းတစည်းတည်း အတူတကွလုပ်ဆောင်ခြင်းနှင့် ပတ်သက်၍ပုပ်ရဟန်းမင်းကြီးက စည်းလုံးညီညွတ်ခြင်းသည် ကရုဏာတရား၏ အရေးကြီးသောအစိတ်အပိုင်းတစ်ခုဖြစ်သည်။ ပါတီတိုင်းရှိ မန်နေဂျာနှင့် အလုပ်သမားများအကြားရှိ ပေါင်းသင်းဆက်ဆံရေးသည် သင့်တင့်မျှတသော အပြန်အလှန်လေးစားခြင်းနှင့် အချင်းချင်း ရင်းနှီးပျူငှာသော ချီးကျူးစကားများ ဆိုပေးခြင်းတို့သည်အရေးပါသောအရာများဖြစ်ပါသည်။ အမှန်တကယ်တွင်မူ စီးပွားရေးလုပ်ငန်းဟူသည်လည်း အသင်းအဖွဲ့လုပ်ဆောင်ရသော လုပ်ငန်းတစ်ခုဖြစ်သည်။ ထိုသို့ အလုပ်ခွင်များအတွင်းအလုပ်ရှင်နှင့်အလုပ်သမားများအကြားထားရှိသော အပြန်အလှန်လေးစားမှုသည် ကမ္ဘာကြီးတစ်ခုလုံးသို့ ပြန့်နှံ့သွားရမည် ဖြစ်ပါသည်။ စီးပွားရေးလုပ်ငန်းများ၌ ဒုက္ခသည်များနှင့်ရွှေ့ပြောင်းနေထိုင်သူများအတွက်လည်း တပေါင်းတစည်းတည်း အကျိုးပူးပေါင်းပါဝင်လျှက်လုပ်ဆောင်ပေးရန် စီးပွားရေးလုပ်ငန်းရှင်များနှင့် မိမိတို့ကို ဆက်ခံမည့်သူများအား သတိပေးပြောကြားသွားခဲ့သည်။

၄င်းအပြင် ပုပ်ရဟန်းမင်းကြီးက ရွှေ့ပြောင်းနေထိုင်သူများနှင့် ဒုက္ခသည်များဝင်ရောက်ခိုလှုံနေသော နေရာဒေသမြို့ရွာများ၊ ဝင်ရောက်အလုပ်လုပ်ကိုင်နေသောနိုင်ငံများတွင် အလုပ်လုပ်နေသော အခြေခံအလုပ်သမားများနှင့် အခြေခံအလုပ်များ လုပ်ဆောင်နေသူများနှင့်အတူပူးပေါင်းလုပ်ဆောင်ရန်တိုက်တွန်းဖိတ်ခေါ်ခဲ့သည်။ တိုးတက်ဖွံ့ဖြိုးရန်အတွက် ထိုသို့လုပ်ဆောင်မှုသည် အဓိကကျသော ကဏ္ဍတွင်ပါဝင်နေပါသည်။ ရှင်လုကာ(၁၉း၁-၁၀)မှ သဖန်းပင်ပေါ်မှ အခွန်ခံသည် ခရစ်တော်နှင့်တွေ့ဆုံပြီးနောက် မိမိကိုယ်တိုင်က ပြုပြင်ပြောင်းလဲရန် လုံ့လစိုက်ထုတ်ခဲ့သော ဇာခေဦး၏ ပုံဥပမာဖြင့်မိမိ၏ မိန့်ခွန်းကို အဆုံးသတ်သွားခဲ့သည်။ အဆုံး၌ ပုပ်ရဟန်းမင်းကြီးက ယခုပြုလုပ်သောညီလာခံကြီးသည်ဇေရီခိုမှလူတိုင်းကတက်နိုင်သော (Sycamore) သစ်ပင်ကဲ့သို့ဖြစ်နိုင်ပါစေ။ ထိုမှသာလျှင် သိပ္ပံပညာဆိုင်ရာ ဆွေးနွေးသုံးသပ်ခြင်းများနှင့် စီးပွားရေးလုပ်ဆောင်မှုများဖြင့် လက်တွေ့ပုံဖော်ကာခရစ်တော်၏ အလင်းတရားလမ်းအတိုင်းလျှောက်လှမ်းနိုင်ကာ မိမိ၏စီးပွားရေးလုပ်ငန်းများကို ဖွံ့ဖြိုးတိုးတက်ရန်လုပ်ဆောင်လျှက် အများကောင်းကျိုးအတွက် အမြဲတမ်း ပိုမိုလုပ်ဆောင်နိုင်ပါမည့်အကြောင်း မေတ္တာပို့သ ဆုတောင်းပေးခဲ့ကြောင်းဗာတီကန်ရေဒီယိုမှသတင်းရရှိပါသည်။ CBCM-OSC




# ၂၀၁၆ ရာဇင်ဂျာဆုဆွတ်ခူးခဲ့သူများအား ပုပ်ဘေနဒစ်မှဆုချီးမြှင့်

ဗာတီကန်။ ၂၆၊၁၁၊၂၀၁၆




နိုဝင်ဘာလ(၂၆)ရက်နေ့တနင်္ဂနွေနေ့တွင် **၂၀၁၆ ရာဇင်ဂျာဆုရှင်** Msgr Inos Biffi နှင့် Ioannis Kourempeles တို့အား ရဟန်းမင်းကြီးဘေနဒစ်က ကလဲမင်းတိုင်းခန်းမဆောင်တွင် ဆုပေးအပ်ခဲ့ကြောင်းသိရှိရပါသည်။ Ann Schneible၏ တင်ပြချက်အရဗာတီကန်၏အုတ်မြစ်တစ်ပွင့်ဖြစ်သော XVIယောက်မြောက်ရဟန်းမင်းကြီး **Benedict** သည် ၎င်းတို့နှစ်ဦးအား ကိုယ်တိုင်ဆုချီးမြှင့်ခြင်းသည် ဒဿနိက သိပ္ပံပညာရပ်နယ်ပယ်၌ သိပ္ပံဆိုင်ရာသုတေသနအတွက် မားမားမတ်မတ်ရပ်တည်လျှက်ရှိသော ပါမောက္ခပညာရှင် (၂)ဦးအား အသင်းတော်ကိုယ်စားကျေးဇူးတင်လိုသော အထိမ်းအမှတ်အဖြစ်ချီးမြှင့်ခြင်းဖြစ်ကြောင်း၊ မော်ဆီညော် Biffiသည် ဝတ်ပြုခြင်းဆိုင်ရာများကိုပြုစုသူနှင့် ဒဿနိကပညာရှင်တစ်ဦးဟု လူသိများသလို Opera Omniaဘွဲ့ကိုဆွတ်ခူးရရှိသူဟုလည်းလူသိများသည်။ အများဆုံးပြုစုရေးသားသောစာများမှာ ဒဿနိကနှင့်အလယ်ခေတ် အတွေးအမြင်ဆိုင်ရာတို့ဖြစ်သည်။ နောက်တစ်ဦးမှာ အော့သဒေါ့စ်အသင်းတော်မှ Prof Kourempeles ဖြစ်သည်။ သူသည် Aristotle တက္ကသိုလ် ဒဿနိကဆိုင်ရာ ဘာသာရပ်၌ ပို့ချပေးသော ပါမောက္ခကြီးတစ်ဦးဖြစ်သည်။ ပုပ်ရဟန်းမင်းကြီး ဖရန်းစစ်က ထက်မြက်သော ရဟန်းမင်းကြီးဘဲနဒစ်အား ယနေ့ထိဆုတောင်းမေတ္တာအားဖြင့် ကျွန်ုပ်တို့နှင့်ရှိနေပေးသည့်အတွက် ချစ်ခင်ခြင်းနှင့် ကျေးဇူးတင်ခြင်းရှိပါကြောင်း၊ သူ၏အတွေးအခေါ်သည် သမ္မာကျမ်းစာအတွင်း၌ သော်လည်းကောင်း၊ အသင်းတော်၏ဖခင်များအပေါ်တွင်သော်လည်းကောင်းတည်ပြီး ယုံကြည်ခြင်းနှင့် ဆုတောင်းမေတ္တာဖြင့် အာဟာရဖြစ်စေကာ အဖော်ပြုမြဲပြုနေဦးမည်ဖြစ်သည်။

ထို့အပြင် အသင်းတော်အပေါ် သခင်ယေရှုကဲ့သို့ သနားကြင်နာခြင်း၊ မျှော်လင့်ခြင်း၊ယုံကြည်ခြင်း၊ အတွေးအမြင်နက်ရှိုင်းခြင်းနှင့် ဩဇာအာဏာညောင်းခြင်းရှိသည့်အတွက် အသင်းတော်သည်သူ့ကိုထာဝစဉ် ကျေးဇူးတင်မြဲရှိနေမည်ဟု ပြောကြားသွားကြောင်းသိရသည်။ ဆက်လက်ပြီး ပုပ်ရဟန်းမင်းကြီးဖရန်းစစ်က **အော့သဒေါ့စ်ဒဿနိကနှင့် ရာဇင်ဂျာ(Ratzinger)၏ နက်ရှိုင်းသောအတွေးအမြင်** တို့ကိုထိပ်တိုက်ယှဉ်တွဲထိတွေ့နိုင်ခဲ့သည့် **၂၀၁၆ ရာဇင်ဂျာ (Ratzinger)ဆုရှင်** Msgr Inos Biffi နှင့် Ioannis Kourempeles တို့အား ချီးကျူးရင်း ဘုရားသခင်သင်တို့ကို အမြဲကောင်းချီးပေးပါစေဟု ဆုတောင်းပေးခဲ့ကြောင်းဗာတီကန်သတင်းမှသိရရှိပါသည်။

CBCM-OSC

# အီတာလျှံဆက်ကပ်လူငယ်များကို ပုပ်ရဟန်းမင်းကြီးက ချီးမွမ်းစကားဆို

ဗာတီကန်။ ၂၆၊၁၁၊၂၀၁၆




ခန့်မှန်းချေ (၇၀၀၀) နီးပါးရှိသော အီတာလျှံ ဆက်ကပ်လူငယ်အဖွဲ့အား ပုပ်ရဟန်းမင်းကြီးက နိုဝင်ဘာလ (၂၆) ရက်၊ စနေနေ့တွင် ဗာတီကန်ရှိ ပေါလ် VI ခန်းမတွင်တွေ့ဆုံခဲ့သည်။ တွေ့ဆုံခြင်းတွင်ပုပ်ရဟန်းမင်းကြီးက လူငယ်များအား သင်တို့သည် နိုင်ငံတော်၏ အဖိုးတန်ရတနာများဖြစ်ကြကြောင်း၊သင်တို့သည် နိုင်ငံတော်ကိုအလှဆင်သူနှင့် နိုင်ငံတော်၏ခွန်အားများဖြစ်ကြကြောင်း အထူးသဖြင့်အချိန်နဲ့ဆုံးနိုင်ငံများအတွက် ခွန်အားများဖြစ်ကြကြောင်း ပြောကြားသွားခဲ့သည်။ စည်းလုံးညီညွတ်သောအဖွဲ့အစည်းတစ်ခုကိုကမ္ဘာပေါ်ရှိနိုင်ငံအဖွဲ့အစည်းတိုင်းကိုပိုင်ဆိုင်လိုကြပါသည်။ သို့သော်ထိုစည်းလုံးညီညွတ်ခြင်းသည်ဖျက်ဆီးခံခဲ့ရလေ့ရှိသည်။ ကမ္ဘာတစ်ဝှမ်းလုံးနှင့် မတူညီသော လူမှုရေးအသင်းအဖွဲ့များအကြား တရားမျှတမှုမရှိခြင်းကို တစိုက်မတ်မတ်တိုးတက်စေခြင်းဖြင့် ကျွန်ုပ်တို့သည် သက်သေခံ လုပ်ဆောင်နေကြပါသည်။ ထိုစိတ်နေသဘောထားများသည် ဥပက္ခာပြုခြင်း၊ ဖိနှိပ်ချုပ်ချယ်ခြင်းနှင့် ကိုယ်ကျိုးကိုသာကြည့်ခြင်းဟူသော အကျင့်များကိုသာဖန်တီးပေးသောကြောင့် ကျွန်ုပ်တို့လူမှုရေးအသိုင်းအဝိုင်းကို ကြီးစွာထိခိုက်စော်ကားမှုဖြစ်စေပါသည်။

လူငယ်များတို့သည် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းစောင့်ရှောက်ခြင်း၊ပညာရေးဆိုင်ရာ စီမံကိန်များစသည့် မိမိတို့၏ လုပ်ငန်းစီမံကိန်းများကိုမည်သို့တွေးခေါ်ယူရန်၊ လက်တွေ့အကောင်အထည်ဖော်ရန် ခေါ်ခြင်းခံရပါသည်။ ထို့အပြင် ဝင်ရောက်ခိုလှုံသူများနှင့် ဒုက္ခသည်များသည်လည်း မိမိတို့တွေ့ကြုံရသည့် အခက်အခဲများမှ ကယ်ဆယ်ပေးရန်နှင့် လူမှုရေးအသိုင်းအဝိုင်းများရှိ အဆောက်အဦးများတွင်နေထိုင်ခွင့်များရရှိစေရန် ဆောင်ရွက်ပေးရန်လိုအပ်ကြောင်း၊ ယခုလက်ရှိ အီတလီအလယ်ပိုင်း၌ ဖြစ်ပွားခဲ့သည့် ငလျင်ကြောင့် ထိခိုက်ခဲ့ရသော သူများစွာတို့ကိုလည်းကူညီရန်လိုအပ်ကြောင်း ထိုအခြေအနေများအားလုံးသည် သင်တို့၏ အရည်အချင်း၊ အစွမ်းအစနှင့်အတွေ့အကြုံ၊အသိပညာနှင့် ကိုယ်ချင်းစာနာတတ်ခြင်းကိုပြသရန်၊ တိုးတက်စေရန်အခွင့်အရေးကောင်းများလည်းဖြစ်သည်။ နောက်ဆုံးအနေဖြင့်ပုပ်ရဟန်းမင်းကြီးက လူငယ်များစွာသည် မိမိတို့ဘဝ၏ ပြီးပြည့်စုံသော ဘဝအဓိပ္ပါယ်နှင့်ဝမ်းမြောက်ရွှင်လန်းမှုကိုပေးနိုင်သော လမ်းစဉ်အတိုင်းလျှောက်လမ်းနိုင်ရန် ခရစ်တော်ကိုစံနမူနာထားရန်ဖိတ်ခေါ်ခြင်းဖြင့် မိမိ၏မိန့်ခွန်းကို အဆုံးသတ်ခဲ့ကြောင်း ဗာတီကန်ရေဒီယိုမှသတင်းရရှိပါသည်။CBCM-OSC

## ဘုရားရှင်၏ နှိမ့်ချတော်မူခြင်းနှင့်ချစ်ခြင်းမေတ္တာသည် ကောင်းကင်နိုင်ငံတော်ပင်ဖြစ်သည်ဟု ပုပ်ဖရန်စစ်မြွက်ကြား

အာဒ်ဝင်တူး ဒုတိယတနင်္ဂနွေနေ့ စိန်ပီတာရင်ပြင်တော်၌ အန်ဂျေလူးမေတ္တာရွတ်ဆိုခြင်းအစီအစဉ်တွင် ပုပ်ရဟန်းမင်းကြီးဖရန်စစ်အရှင်သူမြတ်က “ဘုရားရှင်၏နှိမ့်ချတော်မူခြင်းနှင့် ချစ်ခြင်းမေတ္တာသည် ကောင်းကင်နိုင်ငံတော်ပင်ဖြစ်ပြီး သခင်ဘုရားက ကျွန်ုပ်တို့အလယ်မှာ တည်ရှိနေတာဖြစ်တယ် ဒါဟာခရစ်ယာန်သာသနာပြုခြင်းရဲ့ အဓိက မင်္ဂလာသတင်းပင်ဖြစ်သည်”ဟု ဆိုပါသည်။ ထိုနေ့က ဧဝံဂေလိကျမ်းစာတော်မြတ်ထဲတွင် ရှင်ယောဟန် သွန်သင်ခဲ့သည့် နောင်တရကြလော့ ကောင်းကင်နိုင်ငံတော်သည် တည်လုနီးပြီ ဟူသည့်ကျမ်းစကားကိုညွှန်းဆိုကာ အရှင်သူမြတ်က မြွက်ကြားခဲ့ခြင်းဖြစ်ပါသည်။ ဒီသတင်းစကားအတိုင်းပဲ သခင်ခရစ်တော်သည် ဂါလီလဲနယ်တွင် ၎င်း၏သာသနာပြုခြင်းကဏ္ဍကို စတင်မည်ဖြစ်ကာ နောက်လိုက်တပည့်တော်ကြီးများကိုလည်း ပထမဆုံးသာသနာပြုခြင်း အတွေ့အကြုံကိုပေးမည့် ကြွေကြာချက်ပင်ဖြစ်ကြောင်း၊ ကောင်းကင်နိုင်ငံတော်ဆိုတာ နောက်ဘဝမှာဖြစ်ပျက်တဲ့အရာမဟုတ်ပဲ သခင်ခရစ်တော် ကျွန်ုပ်တို့ထံဆောင်ယူလာသည့် သတင်းစကားပင်ဖြစ်ကြောင်း ကျွန်ုပ်တို့ရဲ့နေ့စဉ်သမိုင်းစာမျက်နှာထဲကို ချစ်ခြင်းမေတ္တာတွေ၊ နှိမ့်ချခြင်းတွေ၊ ယုံကြည်ခြင်းတွေနဲ့ ပြည့်စေကာ လွှမ်းမိုးဖို့သခင်ခရစ်တော်ကြွလာခဲ့ခြင်းဖြစ်ကြောင်း သို့သော် ဒီကောင်းကင်နိုင်ငံတော်ရဲ့ တစ်စိတ်တစ်ဒေသဖြစ်ဖို့က ကျွန်ုပ်တို့ရဲ့ နောင်တယူခြင်း ပြောင်းလဲခြင်းအားဖြင့်သာ ပါဝင်နိုင်ကြမည်ဖြစ်ကြောင်းဆိုကာ အာဒ်ဝင်တူးကာလတွင် အာပတ်ဖြေခြင်းစက္ကရမင်တူးအားဖြင့် မိမိတို့၏ ဩတပ္ပစိတ်ကို ပြန်လည်စမ်းစစ်ကြပြီး ပြည်ဝစွာဖြင့် ခရစ္စမတ်ပွဲတော်ကို ကြိုဆိုနိုင်ကြရန် အရှင်သူမြတ်က တိုက်တွန်းကာမြွက်ကြားခဲ့သည်ကို ဗာတီကန်ရေဒီယိုသတင်းအရသိရှိရပါသည်။ **RVA**




# ပုပ်ရဟန်းမင်းကြီးက အိုင်ရာလန်ဝန်ကြီး Taoiseach Enda Kenny အားလက်ခံတွေ့ဆုံ

ဗာတီကန်။ ၂၈၊၁၁၊၂၀၁၆




နိုဝင်ဘာ (၂၈) ရက် တနင်္လာနေ့တွင် ပုပ်ရဟန်းမင်းကြီးက အိုင်ရာလန်ဝန်ကြီး Enda Kenny ကို ဗာတီကန်၌ လက်ခံတွေ့ဆုံခဲ့သည်။ ဗာတီကန်သတင်းဌာနမှ တင်ပြချက်အရ သူတို့နှစ်ဦးသည် လိုက်လှဲပျူငှာစွာတွေ့ဆုံကြပြီး အပြန်အလှန်ဆွေးနွေးရာမှာ အိုင်ရာလန်နှင့် ဗာတီကန်နှစ်နိုင်ငံကြားဆက်ဆံရေး၊ ကက်သလစ်သသင်းတော်၌ဆောင်ရွက်လျှက်ရှိသော ပညာရေးနှင့် လူမှုရေးလုပ်ငန်းများကို အရေးကြီးကြောင်း အသားပေးဆွေးနွေးသွားကြောင်းလည်းသိရပါသည်။

ထို့အပြင် ကက်သလစ်အသင်းတော်သည် လူ့ဘုံအလယ်တွင် အရေးကြီးသောကဏ္ဍ၌ရှိနေပုံ အထူးသဖြင့် အကာအကွယ်မဲ့သူ၊ အားနည်းသူများအတွက် ရပ်တည်ပေးခြင်းနှင့်လူ့အခွင့်အရေးကို လေးစားခြင်းစသည်တို့ကို ဆွေးနွေးပါသည်။ ဆက်လက်ပြီး Europe ၌ ရွှေ့ပြောင်းအလုပ်သမား၊ လခစားအလုပ်သမားလူငယ်များ၏ လက်ရှိအရေးကြီးစိန်ခေါ်မှုများနှင့် ပတ်သက်သောကိစ္စများတို့ကို ဖလှယ်ခဲ့ကြသည်။ Enda Kenny သည် ပုပ်ရဟန်းမင်းကြီးနှင့်တွေ့ဆုံပြီးသည့်နောက် ဗာတီကန်အတွင်းရေးမှူးကာဒီနယ် Pietro Parolinနှင့်လည်းတွေ့ဆုံခဲ့ကြောင်း ၂၈၊၁၁၊၂၀၁၆ရက်နေ့တွင် ထွက်ရှိသောဗာတီကန်သတင်းအရသိရှိရပါသည်။ **CBCM-OSC**

# အိန္ဒိယဆရာတော်များမှ ရထားမှောက်သေဆုံးသူများအတွက် ကြေကွဲဝမ်းနည်းကြောင်းသဝဏ်လွှာပေးပို့

ဗာတီကန်။ ၂၀၊၁၁၊၂၀၁၆




နိုဝင်ဘာလ(၂၀)ရက်နေ့တနင်္ဂနွေနေ့တွင်အိန္ဒိယနိုင်ငံ၌ ရထားတစ်စီးတိမ်းမှောက်ခဲ့ရာ ၁၈၀ ဦး ဒဏ်ရာရပြီး ၁၄၃ ဦး သေဆုံးသွားကြောင်း သိရှိရပါသည်။ ၎င်းကိစ္စနှင့်ပတ်သက်ပြီး CBCI အိန္ဒိယကက်သလစ်ဆရာတော်များကိုယ်စားဆရာတော် Theodore Mascarenhas က သေဆုံးသူများနှင့် ဒဏ်ရာရသူများအတွက် ဝမ်းနည်းကြေကွဲကြောင်း သဝဏ်လွှာကို ပေးပို့ခဲ့ပါသည်။ ကယ်ဆယ်ရေး သမားများက ရထားတိမ်းမှောက်ရာနေရာသို့ အမြန်ဆုံးသွားရောက်စစ်ဆေးသော်လည်း ရထားတွဲများတစ်ခုနှင့်တစ်ခု ပိမိခြင်း၊ မှောက်လှဲခြင်းတို့ဖြင့် အခြေအနေမှာ ဆိုးရွားလှသည်ဟု သိရသည်။ ရထားတိမ်းမှောက်ရခြင်း၏အကြောင်းအရင်းမှာ ရထားတွဲများထဲမှ (၁၄) တွဲသည် ကုန်ပစ္စည်းများ အဆမတန်တင်ခြင်း၊ နေရာမလုံလောက်သဖြင့် တွယ်ကပ်လိုက်ပါလာသော ခရီးသည်များကြောင့်ဖြစ်သည်ဟု သိရသည်။ ၎င်းရထားပေါ်တွင် ခရီးသည်ပေါင်း(၂၅၀၀)ဦးခန့်လိုက်ပါစီးနင်းသည်ဟုလည်း သိရသည်။ ဆရာတော်Theodore Mascarenhasက ရထားခရီးစဉ်နှင့်ပတ်သက်ပြီး နောက်နောင် ယခုလိုမဖြစ်အောင် သေချာစစ်ဆေးပေးပါ ဟု အစိုးရကို တောင်းဆိုကြောင်း ဗာတီကန်သတင်းမှသိရသည်။ **CBCM-OSC**

# သနားခြင်းဂျူဗီလီနှစ် ပြီးဆုံးသွားသော်လည်း ကရုဏာလုပ်ငန်းမပြီးဆုံးသင့်

ဗာတီကန်။ ၂၂၊၁၁၊၂၀၁၆




(Kenya) ကင်ရာနိုင်ငံမှ ဆရာတော်ကြီး Joseph Obanyiက သနားခြင်းဂျူဗီလီနှစ်သည် နိုဝင်ဘာလ (၂၀) ရက်နေ့တွင် ပြီးဆုံးသွားသော်လည်း ကရုဏာလုပ်ငန်းကို ဆက်လက် လုပ်ဆောင်ကြပါဟု မိမိ၏ဘာသာတူများကို တောင်းဆိုတိုက်တွန်းခဲ့သည်။ ကျွန်ုပ်တို့၏နေ့စဉ်အသက်တာ၌ ကရုဏာလုပ်ငန်းကို ပိုမိုလုပ်ဆောင်ရသလို သနားခြင်းဂျူဗီလီနှစ်တွင်လုပ်ဆောင်ခဲ့သည်များလည်း လက်တွေ့ဘဝတွင် ပြန်လည်လုပ်ဆောင်ရန်လိုအပ်သည်ဟုပြောကြားသည်။

ယုံကြည်သူများ ကျွန်ုပ်သာသနာ၌သော်လည်းကောင်း၊ တိုက်နယ်၌သော်လည်းကောင်း၊ အသင်းတော်တစ်ခုလုံး၌သော်လည်းကောင်း ထိုအရာများကိုကျစ်လစ်စွာနေထိုင်ကျင့်သုံးမှ ယုံကြည်ခြင်းခိုင်မြဲမည်ဖြစ်သည်။ ကက်သလစ်မိခင်များအသင်း၊ရီးဂျင်းနာရီစ်အသင်း၊ ကက်သလစ်ဖခင်များအသင်း စသည့်အဖွဲ့အစည်းများ မိမိ၏ကတိဝန်ခံချက်များကို ထိန်းသိမ်းကြရန်နှင့်သာသနာ၌၊တိုက်နယ်၌၊အဝေးစခန်း၌ သနားခြင်းအမှုကို စိတ်အားထက်သန်စွာပါဝင်လုပ်ဆောင်ရမည်ဟု ထပ်မံတိုက်တွန်းခဲ့ပါသည်။ ကျောင်းသူ/သားများ၊ ရဟန်းလောင်းများကို ကူညီလှေ့ရှိသောသူများဆက်လက်ကူညီပါ။ ထောင်များနှင့်လူနာများထံသို့ အလည်အပတ် သွားလေ့ရှိလျှင်လည်း ဆက်လက်လုပ်ဆောင်ပါ။ သနားခြင်း ဂျူဗီလီနှစ် ပြီးဆုံးသွားသော်လည်း ပြန်လည်သင့်မြတ်ခြင်း စက္ကရာမင်းတူးနှင့် ချစ်ခြင်းမေတ္တာသည် အဓိကကျသည်ကိုမမေ့သင့်ကြောင်း၊ ကရုဏာလုပ်ငန်းများကို တတ်အားသမျှ ပြုလုပ်ကြစေလိုကြောင်း မိမိ၏ရဟန်းတော်များကိုလည်း သတိပေးနှိုးဆော်ထားသည်ဟု ၂၂၊ ၁၁၊ ၂၀၁၆ ရက်နေ့ ထွက်ရှိသော ဗာတီကန်သတင်းမှသိရှိရသည်။ **CBCM-OSC**





# သာသနာ့ဂုဏ်ဆောင်ဂျူဘီလီရှင်များ

**ပုသိမ်သာသနာ။**



နိုဝင်ဘာလ ၁၈ ရက်နေ့ ပုသိမ်သာသနာ၊ မေရီလန်း၌ဂုဏ်ပြုထိုက်သူအားဂုဏ်ပြုကြသောသာသနာ့အမှုတော်ဆောင် ဂျူဘီလီရှင်များအတွက် ဂုဏ်ပြုပွဲကျင်းပခဲ့ကြပါသည်။ မေရီလန်းမှ ဘာသာတူလူငယ်၊ မိခင်များသည် ပုသိမ်သာသနာပိုင် ဆရာတော်ဂျွန်ဆိမ်းဟိုနှင့် ဘုန်းတော်ကြီးများ၊ ရပ်နီးရပ်ဝေးမှ ရောက်ရှိလာကြသော ဆွေမျိုးသားချင်းနှင့် ဓမ္မမိတ်ဆွေများအား ကြိုဆိုခဲ့ကြပါသည်။ထို့နောက်ညနေတွင် အဖဆရာတော်ဘုရားနှင့် သာသနာ့အမှုတော်ဆောင် ဂျူဘီလီရှင်များအတူဂုဏ်ပြုညစာစားပွဲသုံးဆောင်ကြပြီး ဂုဏ်ပြုထိုက်သူအား ဂုဏ်ပြုချီးမွမ်းခြင်းနှင့် လက်ဆောင်ပဏ္ဏာဆက်ကပ်ခဲ့ကြပါသည်။မင်္ဂလာရှိသောနေ့မြတ်တွင် သာသနာ့အမှုတော်ဆောင် ဂျူဘီလီရှင်များအတွက် ထာဝရဘုရားရှင်ကို ကျေးဇူးတင်ခြင်းမစ္ဆားတရားတော်မြတ်ကို အဖဆရာတော်ဘုရားနှင့်ရဟန်းတော်များ ပူဇော်ဆုတောင်းပေးခဲ့ကြပါသည်။၄င်းဂျူဘီလီရှင်များမှာFr.ဟင်နရီမန်းလေးရီ ရဟန်းဝါတော် (၅၀)နှစ် ရွှေရတု၊ Fr.မေဒါလွှမ်းမိုး ရဟန်းဝါတော် (၃၀) နှစ်ပုလဲရတု၊Fr.ဘောစကိုစောလာထူးရဟန်းဝါတော် (၁၅)နှစ် စလင်းရတု၊ Mother မိုင်ကယ်မေရီ သီလရှင်ဝါတော် (၅၀) နှစ် ရွှေရတု၊Mother မာရ်စီကောလက် သီလရှင်ဝါတော် (၄၀)နှစ် ပတ္တမြားရတု၊ Mother မာဂရက်မေရီ သီလရှင်ဝါတော် (၄၀) နှစ် ပတ္တမြားရတု၊Sr. အဲဗလင်း သီလရှင်ဝါတော် (၄၀)နှစ် ပတ္တမြားရတု၊ Sr.မေဘာယ်လ်အန်း သီလရှင်ဝါတော် (၂၅) နှစ် ငွေရတု၊ Sr.ဆိုဖီယာ သီလရှင်ဝါတော် (၂၅)နှစ် ငွေရတုတို့ဖြစ်ကြပါသည်။ ဂျူဘီလီရှင်များအတွက် ဘုရားသခင်ကို ကျေးဇူးတင်ခြင်းဖြင့် ရိုသေဂုဏ်ပြုလိုက်ပါသည်။

**ရှို့စ် SdP**

# မြန်မာတစ်နိုင်ငံလုံးဆိုင်ရာသမ္မာကျမ်းစာတမန်တော်လုပ်ငန်းအဖွဲ့ တစ်နေ့တာဝတ်စောင့်ခြင်းနှင့်လုပ်ဆောင်မှုစီမံကိန်းရေးဆွဲခြင်း




ပုသိမ်သာသနာ၊ မေရီလန်းတွင် ၊ နိုဝင်ဘာလ ၁၉-၂၀ ရက်တွင် သာသနာအသီးသီးမှ သမ္မာကျမ်းစာတမန်တော်များ အဖွဲ့တွေ့ဆုံဆွေးနွေးခြင်းနှင့် လာမည့်နှစ်အတွက် လုပ်ဆောင်ချက် စီမံကိန်းများရေးဆွဲခြင်းအပြင် တစ်နေ့တာဝတ်စောင့်ခြင်းများ ပြုလုပ်ခဲ့ပါသည်။ လာမည့် ဖေဖော်ဝါရီလ (၇/၈/၉) ရက် ၂၀၁၇ခုနှစ်သည် သမ္မာကျမ်းစာတမန်တော်လုပ်ငန်းသည် မြန်မာနိုင်ငံသို့ ၁၀ နှစ်ပြည့် နှစ်ပတ်လည်အထိမ်းအမှတ်ပွဲကို ညောင်လေးပင်တွင် ကျင်းပရန်ရှိကြောင်း၊ ၄င်းသာသနာအလိုက် သမ္မာကျမ်းစာဖြေဆိုပြိုင်ပွဲ၊ သမ္မာကျမ်းစာသရုပ်နှင့် သီချင်းများပါဝင်မည်ဖြစ်ကြောင်းနှင့် တရားဓမ္မသိကောင်းစရာများကြားနာခြင်းရှိမည်ဖြစ်ကြောင်း ပြောကြားခဲ့ပါသည်။ နှစ်စဉ်နေ့တိုင်းသမ္မာကျမ်းစာတမန်တော်လုပ်ငန်းအဖွဲ့များတွေ့ဆုံနီးနှောဖလှယ်ခြင်းကို သာသနာအလှည့်ကျ ပြုလုပ်ခဲ့ပါသည် ။ ၂၀၁၇ ခုနှစ် ၊သြဂုတ်လတွင် ကျိုင်းတုံသာသနာမှ အလှည့်ကျ ဖြစ်သဖြင့် သမ္မာကျမ်းစာတမန်လုပ်ငန်းအဖွဲ့များတွေ့ဆုံ နီးနှောဖလှယ်ပွဲကျင်းပမည်ဖြစ်ပါသည်။ ၂၀ ရက်နေ့ ခရစ္စတူးဘုရင်ပွဲနေ့တွင်သမ္မာကျမ်းစာတမန်လုပ်ငန်းအဖွဲ့များတောကြီးငါးကန်မှဘာသာတူများနှင့်အတူမစ္ဆားတရားတော်မြတ်ဖြင့် ပူဇော်ဆုတောင်းခဲ့ပါသည်။

ရှို့စ် SdP

# ငြိမ်းချမ်းမေတ္တာ ဘာသာပေါင်းစုံ အစည်းအဝေး

**ပြည်သာသနာ ၂၆၊၁၁၊၂၀၁၆။**

ပဲခူးတိုင်းဒေသကြီး အနောက်ပိုင်းခရိုင်ပြည်မြို့ငြိမ်းချမ်းမေတ္တာဘာသာပေါင်းစုံ(ပြည်) လပတ်အစည်းအဝေးကို ပြည်မြို့တော်ဝင်ရတနာခန်းမတွင် အိမ်ရှင်အလှည့်ကျမွတ်ဆလင်ဘာသာမှ ဦးဆောင်ကျင်းပပါသည်။ ထိုအခမ်းအနားတွင် ဗုဒ္ဓဘာသာမှ နာယက ဆရာတော်ဘုရားနှင့်အတူ ဆရာတော်သုံးပါး၊ မွတ်ဆလင်ဘာသာမှ နာယကဆရာတော်နှင့်ဆရာတော်လေးပါး၊ ဟိန္ဒူဘာသာမှာ ကိုယ်စားလှယ်တစ်ဦး၊ နှစ်ခြင်းအသင်းတော်မှ ကိုယ်စားလှယ်နှစ်ဦးနှင့် ကက်သလစ်အသင်းတော်မှ နာယကဆရာတော်ပြည်သာသနာကက်သလစ်ဂိုဏ်းအုပ်ဆရာတော်ကြီး Alexander ဦးပြုံးချို နှင့် ဘုန်းတော်ကြီးတစ်ပါး ငြိမ်းချမ်းရေးကိုလိုလားသောပြည်မြို့ရှိ စီးပွားရေးလုပ်ငန်းရှင်များ၊ ဌာနဆိုင်ရာများနှင့် ဘာသာပေါင်းစုံမှ လေ့လာသူများ ၄၅ ယောက်တက်ရောက်ကြပါသည်။ အဖွင့်အမှာစကားကို ဗုဒ္ဓဘာသာ နာယကဆရာတော်ကြီး ဦးဝီရိယမှ ဘာသာပေါင်းစုံ ဖြစ်ပေါ်လာပုံသမိုင်းအကြောင်းနှင့် ပြည်မြို့၌ ဤဘာသာပေါင်းစုံအဖွဲ့အစည်းရှိ၍ ဘာသာရေးအဓိကရုဏ်းဖြစ်သောအချိန်ကာလများတွင် ငြိမ်းချမ်းစွာဖြတ်ကျော်နိုင်ခဲ့ပုံများကိုမိန့်ကြားခဲ့ပါသည်။ ကက်လစ်အသင်းတော်၏ နာယကဆရာတော်မှ Blessed are the peace makers (Mt.5:9)ကိုကိုးကား၍ငြိမ်းချမ်းရေးလိုလားသူများသည်ထူးမြတ်သူများ လေးစားထိုက်သူများဖြစ်ကြောင်း ဆက်လက်ပြီး ပြည်မြို့တစ်ခုတည်းသာမက ကမ္ဘာတစ်ခုလုံးငြိမ်းချမ်းရေး ရရှိအောင်လုပ်ဆောင်ကြဖို့ မိန့်မှာခဲ့ပါသည်။ အိမ်ရှင်မွတ်ဆလင်နာယကဆရာတော်ကြီးမှ ငြိမ်းချမ်းပေါင်းစုံဆက်လက်တည်မြဲဖို့ ဘာသာတိုင်းက ကြိုးစားပူးပေါင်း ပါဝင်သင့်ကြောင်းနှင့် ရုံပုံငွေအကြောင်းများကို ရှင်းပြခဲ့ပါသည်။ထို့နောက် တက်ရောက်လာသောသူများအားငြိမ်းချမ်းမေတ္တာ ဘာသာပေါင်းစုံ (ပြည်)၏ လုပ်ဆောင်ချက်များနှင့် အနာဂတ်လုပ်ငန်းစဉ်များကို အဖွဲ့၏ဥက္ကဋ္ဌမှ ရှင်းပြခဲ့ပါသည်။ တက်ရောက်လာသော လုပ်ငန်းရှင်များနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများမှ အဖွဲ့၏လှုပ်ရှားမှုများကို အားပေးထောက်ခံကြောင်းနှင့် အကူအညီများလိုအပ်လျှင် အမြဲကူညီရန်အသင့်ဖြစ်ကြောင်းအကြံများပေးကြသည်။

**PYP-OSC**





# ကက်သလစ်ဘုန်းတော်ကြီးသင်အခြေခံပညာအလယ်တန်းကျောင်း

မြိတ်။ ၃၀၊ ၁၂၊ ၂၀၁၆

မော်လမြိုင်သာသနာ၊ မြိတ်မြို့တွင်ရှိသော ကလွင်၊ ရေပုန်းရပ်ကွက်ရှိ စိန်အယ်ဘတ် လူငယ်ဖွံ့ဖြိုးရေးကျောင်းသို့ အလည်အပတ်ကြွရောက်လာသော ရန်ကုန်ဂိုဏ်းချုပ်ဆရာတော်ကြီးကာဒီနယ်ချားလ်ဘိုအား ကြိုဆိုခြင်းအခမ်းအနားပြုလုပ်ခဲ့ကြသည်။

စိန်အယ်ဘတ်လူငယ်ဖွံ့ဖြိုးရေးကျောင်းကို(၂၀၁၄)ခုနှစ်တွင် စတင်ဖွင့်လှစ်ခဲ့သော ကိုယ်ထူကိုယ်ထ(ကျောင်းအိပ်ကျောင်းစား) ကျောင်းသူ/သားများဖြစ်ကြကာ မြိတ်မြို့ရှိ အစိုးရ အထက်တန်းအမှတ်(၄)ကျောင်းနှင့် တွဲဖက်ဖွင့်ထားခြင်းဖြစ်ကြောင်း၊ ပညာသင်ကြားနေသောကျောင်းသူကျောင်းသားများမှာ မြိတ်ခရိုင်တစ်ဝိုက်ရှိ နယ်အသီးသီးမှ တက်ရောက်နေကြ၍ ပဥ္စမတန်းမှ အဋ္ဌမတန်းအထိပညာသင်ကြားနေကြကြောင်း၊ နဝမတန်း ကိုဆက်လက်တက်ရောက်လိုသော သူများကို မြို့ကျောင်းသို့ပို့ဆောင်ပေးကာ ပညာကိုသင်ကြားပေးနေကြောင်း၊ (၂၀၁၆-၂၀၁၇)ခုနှစ်ပညာသင်နှစ်တွင် ပဥ္စမတန်းတွင်(၃၂)ယောက်၊ ဆဋ္ဌမတန်းတွင်(၃၂)ယောက်၊ သတ္တမတန်းတွင် (၃၇)ယောက်နှင့် အဋ္ဌမတန်းတွင်(၄၂) ယောက် အားလုံးစုစုပေါင်း(၁၄၃)ယောက် ပညာသင်နေကြကြောင်း၊ပညာသင်ကြားပေးနေသောဆရာ/မများမှာ ရန်ကုန်မြို့(PSIE) ပညာစမ်းရေကျောင်းမှစေလွှတ်ထားသော သင်တန်းဆင်းများနှင့်ဒေသခံတိုင်းရင်းသား စေတနာ့ဝန်ထမ်းဆရာ၊မ(၁၆)ဦးရှိကြသည်။

(PSIE Pyaynya Sanyi Institution of Education) ဆိုသည်မှာ ရန်ကုန်မြို့ရှိ ပညာရေးကော်မရှင်၏ ဦးဆောင်မှု အောက်တွင် "I.S" သီလရှင်များက အနီးကပ် သင်ကြားပေးကာ မြန်မာနိုင်ငံတစ်ဝှမ်းလုံးရှိ လိုအပ်သော ကက်လသစ်ဘော်ဒါကျောင်းများသို့ဆရာ/မ များကိုစေလွှတ်နိုင်ရန် ရည်




ရွယ်ကြောင်း၊ (နှစ်)နှစ်တာ ပညာသင်ကြားပြီးသောအခါ လိုအပ်သောနေရာဆီသို့ (နှစ်)နှစ် ဆက်ကပ်ကြမည်ဖြစ်ကြောင်း၊ ဆက်ကပ်သောကာလကုန်ဆုံးသွား၍ဆက်လက်ဆက်ကပ်လိုပါက ဆက်ကပ်နိုင်သကဲ့သို့မိမိဒေသသို့ ပြန်နိုင်ကြောင်းကိုလည်း သင်တန်းဆင်းဆရာတစ်ဦးထံမှသိရသည်။ စိန်အလ်ဘတ်လူငယ်ဖွဲ့ရေးကျောင်းသို့ ကြွရောက်လာသော ကာဒီနယ်ချားစ်ဘိုအား လမ်းဘေးတစ်လျှောက်တွင် ကျောင်းသား/ သူများက သာသနာအလံများကို ကိုင်ဆောင်ကြကာ " ပါးပါးကြီး ကာဒီနယ် သက်တော်ရာကျော်ရှည်ပါစေ၊ ကျန်းမာပါစေ"ဟုသောင်းသောင်းဖြဖြကြိုဆိုကြသည်။

ကာဒီနယ်အားကြိုဆိုဂုဏ်ပြုခြင်း အစီအစဉ်တွင် မော်လမြိုင်ကက်သလစ် ဂိုဏ်းအုပ်သာသနာပိုင် ဆရာတော်ရေမွန်စောဖိုးရေက "ယခုလို မော်လမြိုင်သာသနာ၊ မြိတ်မြို့ကို ကြွရောက်အားပေးသည့်အတွက်ကြောင့် အလွန်ဝမ်းသာကြောင်း၊ ကာဒီနယ်၏ ထက်မြတ်တဲ့ခေါင်းဆောင်မှုကြောင့် မြန်မာပြည်ကက်သလစ်သာသနာတော်ဟာ တိုးတက်လာသလို အားလုံးက ဂုဏ်ယူနေကြကြောင်း၊ ဆရာတော်ကိုယ်တိုင် ကာဒီနယ်ရဲ့ အားပေးကူညီပေးခြင်းဖြင့် ခြေထောက်အနာကို ကောင်းမွန်စွာကုသနိုင်ခဲ့ကြောင်း၊ ဆက်လက်ပြီး မြန်မာပြည်ကက်သလစ် သာသနာတော်ကို ဦးဆောင်ရာမှာ ဘုရားရှင်ရဲ့ကောင်းချီးတော်များစွာခံစားရပါစေလို့ ဆုတောင်းပေးနေပါကြောင်း ကြိုဆိုနှုတ်ဆက်စကားမြွက်ကြားခဲ့သည်။

ဆက်လက်၍ကျောင်းသူ/ကျောင်းသားများက တေးသီချင်းများနှင့် တိုင်းရင်းသားရိုးရာ အကများဖြင့် ဂုဏ်ပြုခဲ့ကြသည်။ ကာဒီနယ်ကလည်း ပြန်လည်၍ကျေးဇူးတင်စကားပြန်ပြောခဲ့သည်။ "စိန်အယ်ဘတ်လူငယ်ဖွံ့ဖြိုးရေးကျောင်းမှာရှိနေကြတဲ့ဘုန်းတော်ကြီးများ၊ သီလရှင်များ၊ ဆရာ/မ များနှင့်သားသမီးများအားလုံးကို ကျေးဇူးတင်ပါကြောင်း၊ သားသမီးတို့ရဲ့ဘဝမှာ မည်သည့်အခါမျှ အရှုံးမပေးပဲ၊ မြင့်မြတ်တဲ့ စိတ်ဓါတ်မွေးမြူကာဇွဲရှိရှိအမြဲကြိုးစားရန်လိုအပ်ကြောင်း၊ စိန်အယ်ဘတ်ကို အတုယူကာ ဘုရားကို အားကိုးပြီး ကြိုးစားရန်အရေးကြီးကြောင်း၊ အောင်မြင်ခြင်းဆိုတာကြိုးစားခြင်းရဲ့ရလဒ်ဖြစ်သလို စိန်ခေါ်ခြင်းလည်းဖြစ်ကြောင်း၊ သားသမီးများဟာ တစ်နေ့ကြရင် နိုင်ငံ့ခေါင်းဆောင်များ၊ သာသနာတော်ရဲ့ ခေါင်းဆောင်များဖြစ်လာကြမှာဖြစ်ကြောင်း ဩဝါဒမြွက်ကြားခဲ့ပါသည်။

(CBCM-osc)



## ကာဒီနယ်ချားလ်စ်ဘိုနှင့် မစ္စတာကိုဖီအာနန် တို့ တွေ့ဆုံခြင်း

ရန်ကုန်။
၁၁၁၂၊၂၀၁၆။

ဒီဇင်ဘာလ(၁)ရက်နေ့တွင်ရန်ကုန်ဂိုဏ်းချုပ်ဆရာတော်ကြီးကာဒီနယ်ချားလ်စ်ဘိုနှင့် ကုလသမ္မဂ္ဂအထွေထွေအတွင်းရေးမှူးချုပ်ဟောင်း မစ္စတာ ကိုဖီအာနန် တို့သည် ရန်ကုန် မြို့ရှိ ဆူးလေ ရှန်ဂရီလာဟိုတယ်၌ တွေ့ဆုံခဲ့ကြသည်။

ထိုသို့ တွေ့ဆုံရာတွင် မြန်မာတနိုင်ငံလုံး၌ ငြိမ်းချမ်းရေးကို အမြန်ဆုံးဖော်ဆောင်နိုင်ရန်အဓိကထားဆွေးနွေးခဲ့ကြောင်းနှင့်ဘာသာရေးခေါင်းဆောင်များအားလုံးတို့က မြန်မာပြည်ငြိမ်းချမ်းရေးအတွက် ဝိုင်းဝန်း ပါဝင်ဖြေရှင်းဖို့ရန် တိုက်တွန်းအားပေးခဲ့ကြောင်း ရန်ကုန်ဂိုဏ်းချုပ်သာသနာ ဖေ့ဘုတ်စာမျက်မှ သတင်းရရှိပါသည်။

(Credit to Archdiocese of Yangon FB)



## ရဟန္တာ ဖရန်စစ်ဇေးဗီးယားပွဲကျင်းပခြင်း

ရန်ကုန်။
၃၊၁၂၊၂၀၁၆။

ရဟန္တာ ဖရန်စစ်ဇေးဗီးယား၏ပွဲတော်ကြီးကို ရန်ကုန်မြို့၊ စိန်ပီတာနှင့်စိန်ပေါလ်ဘုရားကျောင်းတွင် ဒီဇင်ဘာလ(၃)ရက်နေ့၌ ကျင်းပခဲ့ပါသည်။

ထိုပွဲတော်ကြီးသို့ ရန်ကုန်ဂိုဏ်းချုပ်ဆရာတော်ကြီး ကာဒီနယ်ချားလ်စ်ဘိုနှင့် လက်ထောက်ဆရာတော် ဂျွန်စောယောဟန်တို့ ဦးဆောင်၍ မစ္ဆားတရားတော်ကို ဦးဆောင် ပူဇော်ပေးခဲ့ပါသည်။

မစ္ဆားတရားတော်တွင် Fr. Amal က တရားရေးအေးတိုက်ကျွေးရာ St. Francis Xavier ထံမှ A,B,C,D,E ဟူ၍ သင်ယူရမည့်အချက်ငါးချက်ကို ဝေမျှပေးခဲ့ပါသည်။ A=Ability (အရည်အချင်း)၊ B=Bible centered(ကျမ်းစာကိုအခြေခံခြင်း)၊ C= Christ centered (ခရစ်တော်ကို အခြေခံခြင်း)၊ D=Disciple (တပည့်ဖြစ်ခြင်း) နှင့် E=Evangeliztion (ဧဝံဂလိ သတင်းကောင်း ဟောပြောခြင်းတို့ဖြစ်သည်။

(Credit to Archdiocese of Yangon FB.)

# အာရှဒေသလုံးဆိုင်ရာ ကက်သလစ်ဆရာတော်များ၏ညီလာခံ

FABC. သီရိလင်္ကာ။

အာရှဒေသတစ်လုံးဆိုင်ရာ ကက်သလစ် ဆရာတော်ကြီးများ၏ (၁၁)ကြိမ်ညီလာခံကို သီရိလင်္ကာနိုင်ငံ၊ နီဂမ်ဘိုမြို့တွင် နိုဝင်ဘာလ(၂၈)ရက်မှဒီဇင်ဘာလ(၄)ရက်နေ့၂၀၁၆တွင်ကျင်းပခဲ့သည်။

အာရှနိုင်ငံ(၄၁)မှ ကက်သလစ်ဆရာတော်ကြီး(၁၄)ပါးနှင့် အထူးဖိတ်ကြားထားသော ဧည့်သည်တော်များ တက်ရောက်ကြပါသည်။ ရဟန်းမင်းကြီး ဖရန်စစ်အရှင်သူမြတ်က FABC ညီလာခံကျင်းပရာသို့ အိန္ဒိယနိုင်ငံ၊ ရာချီ ဂိုဏ်းချုပ်ဆရာတော် Cardinal Telesphore Placidus Toppo ကို ရဟန်းမင်းကြီး၏ အထူးကိုယ်စားလှယ်တော်အဖြစ် ခန့်အပ်စေလွှတ်ပေးခဲ့သည်။ မြန်မာနိုင်ငံမှ ကက်သလစ်ဆရာတော်ကြီးများ၏ ဥက္ကဋ္ဌ ဆရာတော်Felix Lian Khen Thang၊မြစ်ကြီးနား ဆရာတော် Francis Daw Tang နှင့် လွိုင်ကော်ဆရာတော် Stephen Tjephe တို့လည်း ပါဝင်တက်ရောက်ခဲ့ကြသည်။





ညီလာခံဖွင့်ပွဲတွင်သီရိလင်္ကာနိုင်ငံဝန်ကြီးချုပ်က အဖွင့်မိန့်ခွန်းပြောကြားကာ နိုင်ငံတော်သမ္မတ၏ အိမ်တော်တွင် ညီလာခံတက်ရောက်နေကြသော ဆရာတော်ကြီးများကို ညနေစာဖြင့် တည်းခင်းဧည့်ခံ ပေးခဲ့သည်။ ဗုဒ္ဓဘာသာ၊ ဟိန္ဒူဘာသာ၊ အစ္စလာမ်ဘာသာနှင့် ညီအစ်ကို ခရစ်ယာန်ခေါင်းဆောင်များကိုလည်းဖိတ်ကြားကာမိသားစုအကြောင်း ရင်းနှီးစွာဖြင့် ဆွေးနွေးခဲ့ကြသည်။ "အာရှကက်သလစ်မိသားစုများသည် သနားကြင်နာခြင်းပြုရာတွင် ဆင်းရဲသားများ၏အိမ်ဖြစ်စေရမည်" ဟူသောခေါင်းစဉ်ဖြင့် ညီလာခံကျင်းပခဲ့ကြသည်။ မိသားစုသည် အလွန်အရေးကြီးသည်။ အဘယ်ကြောင့်ဆိုသော်မိသားစုသာယာငြိမ်းချမ်းမှုပတ်ဝန်းကျင်ငြိမ်းချမ်းမည်ဖြစ်သဖြင့် မိသားစုတိုင်းကိုအထူးဂရုစိုက်ကာသနားကြင်နာခြင်းဖြင့်စောင့်ရှောက်ကြရမည်ဟုညီလာခံက ထောက်ခံခဲ့ပါသည်။ (CBCM-osc)

# ကမ္ဘာ့ကလေးသူငယ်များနေ့ကျင်းပ

ပြည်။ ၁၁၊၂၊၂၀၁၆





ပြည်မြို့ ငြိမ်းချမ်းမေတ္တာဘာသာပေါင်းစုံမှဦးစီး၍" နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရန်ကလေးသူငယ်များထံမြုပ်နှံ" mottoဖြင့် ကမ္ဘာ့ကလေးသူငယ်များပွဲနေ့ကို ဒီဇင်ဘာလ (၁)ရက်နေ့ ၂၀၁၆ခုနှစ်တွင် ပြည်မြို့ အမှတ်(၅) အခြေခံပညာအထက်တန်းကျောင်းတွင် ကျင်းပခဲ့ပါသည်။ ထိုပွဲတော်တွင် ပဋ္ဌမတန်းကျောင်းသား/သူ တစ်ချို့မှ အဖွင့်သီချင်းဖြင့်ကြိုဆိုသီချင်းကို သီဆိုကြပါသည်။ ငြိမ်းချမ်းမေတ္တာ ဘာသာပေါင်းစုံ (ပြည်)မှ ဥက္ကဋ္ဌက ကြိုဆိုနှုတ်ဆက်ခြင်းနှင့်အတူ ရင်တွင်းစကားများ ပြောကြားခဲ့ပါသည်။ထို့နောက်ဘာသာပေါင်းစုံမှ နာယကကြီးများနှင့် သူတို့ကိုယ်စားတက်ရောက်လာသောကိုယ်စားလှယ်များမှငြိမ်းချမ်းရေးသတင်းကောင်းများဝေမှခဲ့ပါသည်။ ကက်သလစ်သာသနာ၏နာယကဆရာတော်ကြီး Alexander ဦးပြုံးချို၏ ကိုယ်စားတက်ရောက်သော ဘုန်းတော်ကြီး Stephen ချစ်သိန်းမှ ငြိမ်းချမ်းရေး သတင်းကောင်းကို လက်တွေ့ကျသော အမေးအဖြေများ၊ ကျောင်းသားဘဝ၌ သူကိုယ်တိုင်ကြုံတွေ့ခဲ့ရသော အဖြစ်အပျက်များဖြင့် ဝေမှခဲ့ရာ ကျောင်းသား ကျောင်းသူများမှ စိတ်ဝင်စားစွာ နားထောင်ခဲ့ပြီး အားရပါးရလက်ခုပ်သံများ ချီးမြှင့်ခဲ့ပါသည်။ ထို့နောက်ကျောင်းတွင်း ကစားပွဲများတွင် ဆုရသော ကျောင်းသား/သူများအား ဘာသာပေါင်းစုံကိုယ်စားလှယ်များမှ ဆုတော်ငွေများ ချီးမြှင့်ခဲ့ပါသည်။ ဖျော်ဖြေရေးအစီအစဉ်များကိုလည်း ခရစ်ယာန်ဂိုဏ်းပေါင်းစုံ အသင်းတော်အသီးသီးများမှတာဝန်ခံ၍သီချင်းများနှင့်အကများဖြင့် ဖျော်ဖြေကြရာကက်သလစ်လူငယ်များ၏ "ကမ္ဘာမြေကြီးငြိမ်းချမ်းဖို့ တို့တတွေပါဝင်လက်တွဲကြစို့" သရုပ်ဖော်အကနှင့်စာသားများသည်ကျောင်းသားသူများအတွက် ရင်ထဲစိမ့်ဝင်သွားပေသည်။ခရစ်ယာန်ဂိုဏ်းပေါင်းစုံမှ ဖျော်ဖြေရေးအပြီးတွင်အဆိုတော် စောဖိုးခွါး၏တစ်ကိုယ်တော်ဖျော်ဖြေရေးနှင့် ငြိမ်းချမ်းရေးစကားများဝေမှခြင်းအစီအစဉ်များပြုလုပ်ခဲ့သည်။ ထိုအစီအစဉ်များအပြီးတွင် ကျောင်းအုပ်ဆရာမကြီးမှ ဘာသာပေါင်းစုံအဖွဲ့ တာဝန်ရှိသူများအားလည်းကောင်း အဆိုတော် စောဖိုးခွါးအားလည်းကောင်း၊ သူမ၏ ကျောင်းတော်ကြီးနှင့် ကျောင်းသား/သူများအား ငြိမ်းချမ်းရေးနှင့် ချစ်ခြင်းမေတ္တာများကို သယ်ဆောင်လာပေးသည့်အတွက် ကျေးဇူးတင်ကြောင်းပြောကြားခဲ့ပါသည်။ ထို့နောက်တက်ရောက်လာသောသူများနှင့် ကျောင်းသား /သူများအား icecream များဖြင့်ဧည့်ခံပြီး အစီအစဉ်ကို အောင်မြင်စွာအဆုံးသတ်ခဲ့ပါသည်။(PYP-osc)





# ဘာသာပေါင်းစုံရင်းနှီးတွေ့ဆုံဖလှယ်ခြင်း

ရန်ကုန်ဂိုဏ်းချုပ်သာသနာ
၃၊၁၂၊၂၀၁၆။




ဒီဇင်ဘာလ (၃)ရက်၊ စနေနေ့ ၂၀၁၆ ကမာရွတ်မြို့နယ်၊ ရန်ကုန်ယုဒသာန်ဓမ္မရိပ်သာတွင်ဘာသာပေါင်းစုံရင်းနှီးတွေ့ဆုံဖလှယ်ခြင်းအခမ်းအနား(Dhama Friends Fellowship Meeting )တစ်ခုကို ကျင်းပခဲ့ရာထိုအစည်းအဝေးသို့ ဟိန္ဒူဘာသာ၊ အစ္စလာမ်ဘာသာ၊ ခရစ်ယာန်ဘာသာ၊ ဗုဒ္ဓဘာသာနှင့် Baha'i ဘာသာတို့ မှ ကိုယ်စားပြုပုဂ္ဂိုလ်များအသီးသီးတို့က တက်ရောက်ခဲ့ကြသည်။ မြန်မာနိုင်ငံ ခရစ်ယာန်များကောင်စီအထွေထွေအတွင်းရေးမှူး (Rev. Mahn Palmerston) မှ ပြောကြားရာတွင် "ယနေ့ဤကဲ့သို့ ဘာသာပေါင်းစုံတွေ့ဆုံပြီးခွင့်လွှတ်ခြင်းအကြောင်းဆွေးနွေးရခြင်းမှာ ယနေ့ခွင့်လွှတ်ခြင်းတရားသည် နေရာတိုင်းလူတိုင်းလိုအပ်သော အရာတစ်ခုဖြစ်လာသောကြောင့်ဖြစ်ကြောင်း၊ သို့သော် ကျွန်ုပ်တို့နိုင်ငံသည်လူဆိုးများရှိသလို လူကောင်းများသည်လည်းများစွာရှိနေသေးကြောင်းယနေ့ ဤနေရာသို့ စည်းရုံးကာ ခွင့်လွှတ်ခြင်းတရားအကြောင်းများကိုဆွေးနွေးရန်ဘာသာပေါင်းစုံမှရောက်ရှိနေခြင်းသည် ကောင်းမွန်သောစိတ်ထားများရှိသောကြောင့်ဖြစ်ကြောင်း၊ ကမ္ဘာ့ကုလသမဂ္ဂ အတွင်းရေးမှူးဟောင်းဖြစ်သူ ဦးသန့်၏ စကားဖြစ်သော "ကမ္ဘာကြီးငြိမ်းချမ်းရန်မှာ ဘာသာရေးကို ပေါင်းစည်းပေးခြင်းသည် အရေးပါသော အပိုင်းမှရှိနေကြောင်း" ပြန်ပြောကာ အတူအကွလုပ်ဆောင်ရန်ဖိတ်ခေါ်ခဲ့သည်။

ထို့နောက် အစည်းအဝေးမစတင်မီ အဖွင့်အမှာစကားကို ရေလယ်ကျောင်းမှ ဘုန်းတော်ကြီးဦးသီလဝံသမှ ပြောကြားပေးခဲ့ရာ "ယနေ့ဆွေးနွေးပြောဆိုသွားကြမည့် ခွင့်လွှတ်ခြင်းတရားအကြောင်းသည်လူတိုင်းအတွက် အင်မတန်အရေးကြီးသောအရာဖြစ်ကြောင်း၊ ကောင်းခြင်းပါရမီများဖြစ်သော မေတ္တာ၊ သစ္စာ၊ မုဒိတာတရားများသည် ဗုဒ္ဓဘာသာပိုင်အရာများမဟုတ်သဖြင့် ဘာသာတိုင်းနှင့် ပတ်သက်နေကြောင်း အားလုံးသိရှိလက်ခံကျင့်ကြံရမည့် အရာများဖြစ်ကြောင်း" ပြောကြားပေးသွားခဲ့သည်။

အခမ်းအနားမှူးအဖြစ် သာသနာပြုရေးနှင့် တစ်လုံးတစ်ဝတည်းဖြစ်ရေးဌာနအမှုဆောင်အတွင်းရေးမှူး ဘုန်းတော်ကြီးပက်ထရစ်လိုင်တုံ(**အင်္ဂလီကန်အသင်းတော်**)မှဦးဆောင်ကာကျင်းပခဲ့ပါသည်။ အစီအစဉ်ကို အဖွင့်ဆုတောင်းခြင်းနှင့် ကြိုဆိုစကား၊ အဖွင့်အမှာစကားတို့နှင့်အတူ ပထမဆုံး Baha'iအသင်းတော်မှမြန်မာနိုင်ငံလုံးဆိုင်ရာ Baha'I အသင်းတော် ဥက္ကဋ္ဌဖြစ်သူဦးတင်ကြိုင်မှ Baha'I အသင်းတော်အကြောင်းသိကောင်းစရာများကို ရှင်းပြပေးခဲ့သည်။ ညီညွတ်ခြင်း၊ ငြိမ်းချမ်းခြင်း၊ ခွင့်လွှတ်ခြင်း၊ စိတ်ရှည်သီးခံခြင်း၊ သနားကြင်နာခြင်းတို့ကိုအခြေခံကာ ချစ်ခြင်းမေတ္တာအကြောင်းကို တင်ပြသွားခဲ့သည်။

ဟိန္ဒူဘာသာမှ ဆရာဆန်းမြင့်နိုင်ကလည်း ဟိန္ဒူဘာသာတရား၏ အမြင်နှင့် ခွင့်လွှတ်ခြင်းတရား အကြောင်းများကို မြေတောင်မြှောက်ပေးခြင်းများဖြင့် နှိုင်းယှဉ်ကာ ပြောပြသွားရာ နိုင်ငံတော် ငြိမ်းချမ်းဖို့၊ တရားမျှတဖို့ဆိုရာတွင်ကျွန်ုပ်တို့ တစ်ဦးစီသည်လည်း တတ်နိုင်သောဘက်မှနေကာ ကူညီလုပ်ဆောင်ရမည်ဖြစ်ကြောင်း ပြောကြားခဲ့ပါသည်။

ပန်းတစ်ပွင့်တောင် ဗုဒ္ဓသာသနာပြုကောလိပ်မှ အရှင်စန္ဒဇောတိ မှ "ခွင့်လွှတ်ခြင်းဆိုင်ရာ ဗုဒ္ဓဘာသာအမြင်နှင့် ခွင့်လွှတ်ခြင်းဟူသည်မှာ ဒေါသနှင့် တုန့်ပြန်ရမည့်အခွင့်အရေးကို အဆုံးရှုံးခံလျှက် စွန့်လွှတ်ပေးဆပ်ခြင်းဖြင့်ပိုမိုရင့်ကျက်သောငြိမ်းချမ်းသောဘဝတစ်ခုကိုတည်ဆောက်ခြင်းဖြစ်ကြောင်း၊ ခွင့်လွှတ်ခြင်း၏အဓိပ္ပါယ်၊ခွင့်လွှတ်ခြင်းတရားခေါင်းပါးသူတို့ ရရှိမည့်အရာများ၊ သိခြင်းတရားနှင့်ခွင့်လွှတ်ခြင်းတရားတို့၏တိုက်ရိုက်အချိုးကျပုံ၊ ခွင့်လွှတ်ခြင်းပမာဏကြီးမားလိုလျှင်ပြုလုပ်ရမည့်အရာများ၊ လူသားအားလုံး၏သဘောသဘာဝကိုကြည့်မြင်ပုံ၊ခွင့်မလွှတ်နိုင်သည့်အဓိကအကြောင်းရင်းကို ပယ်တတ်ပုံစသည့်ခေါင်းစဉ်ကြီးများအောက်တွင်မိမိ၏အမြင်နှင့် ဗုဒ္ဓမြတ်စွာဘုရား၏ အဆုံးအမတို့ဖြင့် သုံးသပ်ကာ ခွင့်လွှတ်ခြင်းအကြောင်းကို တင်ပြဆွေးနွေးခဲ့ကြောင်း၊ ဒေါသတရား၏အကုသိုလ်ကိုသိလျှင် လုံလောက်ကြောင်း၊ ခွင့်လွှတ်တတ်သော သူတစ်ဦးဖြစ်ရန်အတွက်ကြီးကျယ်မြင့်မြတ်သော စာပေကျမ်းများတတ်ကျွမ်းရန်မလိုကြောင်း၊ ခွင့်လွှတ်ခြင်းတရားမရှိဘဲ ဒေါသအမုန်းတရားထဲတွင်သာနေထိုင်လျှင် ထိုသူသည် သူတစ်ပါးကိုသာမဟုတ် မိမိကိုယ်ကိုလည်း မလွတ်လပ်မှုမငြိမ်းချမ်းမှုကိုဖြစ်စေနိုင်ကြောင်းနှင့် အသိတရား ရင့်ကျက်မှုအတိုင်းအတာပိုမိုကြီးမားလေ၊ပိုမိုခွင့်လွှတ်နိုင်လာမည်ဖြစ်ကာ နောက်ဆုံးတွင်ကျွန်ုပ်တို့သည် စိတ်ဆိုးဒေါသထွက်ဖို့၊ အမုန်းပွားရန်ပြုံးထားဖို့ လောကတွင်လူဖြစ်လာခြင်းမဟုတ်သောကြောင့် အရာရာတိုင်းတွင် ခွင့်လွှတ်ခြင်းတရားကို ဦးထိပ်ထားကာနေထိုင်လျှင် ကမ္ဘာကြီး ပိုမိုငြိမ်းချမ်းလှပမည်ဟု မျှော်လင့်မိပါကြောင်း ပြောကြားရင်းမိမိကိုယ်တိုင် ပြုစုထားသော ခွင့်လွှတ်ခြင်းတရား ဆောင်းပါးကို အဆုံးသတ်ခဲ့သည်။

အစ္စလာမ်ဘာသာမှ ကိုယ်စားပြုဖြစ်သော ဒေါက်တာဆောင်းလွင်အောင်က "အစ္စလာမ်ဘာသာတရား၏ သွန်သင်ချက်အရ ရန်တုန့်ပြန်မှုကို အပြစ်တစ်ခုကဲ့သို့ ပြဌာန်း မထားကြောင်း၊ သို့သော် ခွင့်လွှတ်ခြင်းတရားကိုမူ အစဉ်အစိုက်လုပ်ဆောင်ရန် အားပေး သွန်သင်ထားကြောင်း၊ မိမိတို့ယုံကြည် ကိုးကွယ်ရာ အာလာဘုရားရှင်သည် လောကကြီးအတွက်မေတ္တာ၊ ကရုဏာတရားတို့ ဖြန့်ကြဲပေးရန် စေလွှတ်ခြင်းခံရသော ပရောဖက်တစ်ပါးဖြစ်ကြောင်း" ခွင့်လွှတ်ခြင်းဟုဆိုရာတွင်မိမိအနေဖြင့်ပြောရလျှင်မေတ္တာတရားကိုဥပဒေဖြင့်ပြဌာန်း၍မရသောကြောင့် နေရာတိုင်းကို ခေါင်းငုတ်ခံနေခြင်းမျိုးလည်းမဟုတ်ဘဲ ချစ်ခြင်းမေတ္တာ၊ ခွင့်လွှတ်ခြင်းတရားများကို အချိန်အခါ အခြေအနေအပေါ်မူတည်လျှက် ပြုမူလုပ်ဆောင်ရန် လိုအပ်ကြောင်း တို့ကို ပြောပြသွားပေးခဲ့သည်။

ခွင့်လွှတ်ခြင်းဆိုင်ရာ ခရစ်ယာန်ဓမ္မအမြင်နှင့် ပတ်သက်၍ ခရစ်ယာန်အသင်းတော်မှ ဒေါက်တာသိုမက်စ်ဇီတဲလ် က "ခွင့်လွှတ်ခြင်းဆိုတာဘာလဲ၊ ဘာကြောင့်ခွင့်လွှတ်ရသလဲ၊ ဘယ်လိုခွင့်လွှတ်မှာလဲ" ဟူသောမေးခွန်းများအပေါ် အခြေခံလျှက်မိမိ၏ ဘာသာရေးသွန်သင်ချက်၊ မိမိ၏အမြင်များကိုတင်ပြရာ ခွင့်လွှတ်ခြင်းဆိုသည်မှာတစ်ပါးသူ၏လွန်ကျူးခြင်းကို မှတ်သားခြင်းမရှိဘဲ (ချည်နှောင်ထားခြင်း) မရှိသောအခြေအနေတစ်ခုဖြစ်ကြောင်း၊ဘုရားနှင့်လူသားအကြားရှိတရားမျှတမှုမှာ အပြစ်၏အဖိုးအခသည်သေခြင်းဖြစ်သည်။ သို့သော်ဘုရားရှင်သည် ချစ်ခြင်းမေတ္တာအရှင် ခွင့်လွှတ်ခြင်းအရှင်ဖြစ်သည့်အားလျော်စွာ ကျွန်ုပ်တို့ကို အဆုံးတိုင်အောင် ချစ်တော်မူသောကြောင့် ကားတိုင်ပေါ်တွင် အသေခံချစ်ပြခဲ့ကြောင်း၊ ထိုအရာသည် ကျွန်ုပ်တို့ထားရှိရမည့် ချစ်ခြင်းနှင့်ခွင့်လွှတ်ခြင်းများ၏အကြောင်းရင်းများဖြစ်သည့် ချစ်ခြင်းနှင့် တရားမျှတခြင်း ပေါင်းစပ်မှသာလျှင်ခွင့်လွှတ်ခြင်းဖြစ်တည်လာကြောင်း၊ ချစ်ခြင်းမပါသောတရားမျှတခြင်းသည် ရက်စက်ကြမ်းကြုတ်မှုတစ်ခုဖြစ်လာနိုင်ပြီးတရားမျှတမှုမရှိသော ချစ်ခြင်းသည်လည်းဟန်ဆောင်မှုတစ်ခုဖြစ်နိုင်ကြောင်းပြောကြားသွားခဲ့သည်။

ကျွန်ုပ်တို့ အားလုံးသည်ခွင့်လွှတ်ရမည့်တာဝန်များလည်းရှိသကဲ့သို့ ခွင့်လွှတ်ခံထိုက်သောသူများလည်း ဖြစ်ကြပါသည်။ ခွင့်လွှတ်ခြင်းတရားသည် အဖိုးတန်အရာဖြစ်သောကြောင့် လူတိုင်းမျှဝေ ခံစားရမည့်အရာဖြစ်ကြောင်း၊ ခွင့်လွှတ်နိုင်မှသာလျှင်နဂိုရှိခဲ့သည့် ကောင်းမွန်သော ပေါင်းသင်းဆက်ဆံရေးကို ပြန်ရနိုင်မည်ဖြစ်ကြောင်း၊ ကျွန်ုပ်တို့သည် ဘုရားရှင်ထံမှ ခွင့်လွှတ်ခြင်း၊ ချစ်ခြင်းများကို ခံစားရပြီးသောအခါ နီးစပ်သူများကိုဝေမျှချစ်ပြရမည်ဖြစ်ကြောင်း၊ တစ်နည်းအားဖြင့်ခွင့်လွှတ်ခြင်းသည် ကျွန်ုပ်တို့၏ ဆုတောင်းခြင်းကို ပုံဖော်ဆောင်နေခြင်းလည်းဖြစ်ကြောင်း၊ ဆုတောင်းသည့်အတိုင်း လက်တွေ့လုပ်ဆောင်ခြင်းသည် ဘဝအဓိပ္ပါယ်ပိုမိုကောင်းမွန်ပြည့်စုံအောင် ဖြည့်စွက်ပေးခြင်းဖြစ်ကြောင်း၊ ခွင့်လွှတ်ခြင်းတရားတွင် ပေးဆပ်ရမည့် အရာများရှိသောကြောင့် တကယ်ခွင့်လွှတ်လိုသော သူအတွက် တကယ်ပေးဆပ်ရမည့်အရာများကိုရင်ဆိုင်လက်ခံနိုင်ရန် သတ္တိရှိရန်လိုအပ်ကြောင်း၊သို့မှသာခွင့်လွှတ်သည့် ဝေါဟာရ တစ်လုံးအဖြစ်တည်ရှိမနေပဲ လက်တွေ့အကောင်အထည်ဖေါ်ဆောင်နိုင်

**(စာမျက်နှာ (၁၃)သို့ . . . )**





စာမျက်နှာ(၁၂)မှအဆက်

ပါလိမ့်မည်။ ထို့ကြောင့် အတူအကွ ကြိုးစား လုပ်ဆောင်သွားကြပါစို့ ဟု ပြောကြားရင်း အဆုံးသတ်သွားခဲ့သည်။

ဘာသာအသီးသီး၏ဆွေးနွေးတင်ပြချက် တစ်ခုစီ၏အပြီးတွင် အမေးအဖြေအပိုင်းများနှင့်ဆွေးနွေးခြင်းများရှိပါသည်။အစီအစဉ်များ အားလုံး ပြီးဆုံးသွားသောအခါတွင်မှ ဘုန်းတော်ကြီးပက်ထရစ်လိုင်တုံ(အင်္ဂလီကန်အသင်းတော်)မှပါဝင်တက်ရောက်သူတင်ဆက်ဆွေးနွေးသွားခဲ့သူများအားလုံးကို ကျေးဇူး အထူးတင်ရှိပါကြောင်း ထိုအစည်းအဝေးသည် နှစ်စဉ်ကျင်းပသောအရာဖြစ်ရာ နောင်နှစ်များလည်းအားတက်သရောပါဝင်ပေးကြပါမည့်အကြောင်း အားလုံးကို ဖိတ်ခေါ်ကာ အခမ်းအနားကို အောင်မြင်စွာပြုလုပ်ကျင်းပခဲ့ပါသည်။(CBCM-OSC)

# သမ္မာကျမ်းစာပြိုင်ပွဲပြုလုပ်ရန်ကြိုတင်ညှိနှိုင်းစည်းဝေး

**တောင်ကြီးဂိုဏ်းချုပ်သာသနာ** **U Sai Sheng**



သမ္မာကျမ်းစာတမန်တော်လုပ်ငန်းတာဝန်ခံဘုန်းတော်ကြီးFr. A T Paul ဦးဆောင်ပြီး အဋ္ဌမအကြိမ်မြောက်သမ္မာကျမ်းစာနေ့တွင် သမ္မာကျမ်းစာပြိုင်ပွဲကျင်းပပြုလုပ်ရန် သက်ဆိုင်ရာအသင်းအဖွဲ့များနှင့် ကြိုတင်ညှိနှိုင်းအစည်းအဝေးကို ၄၊၁၂၊၂၀၁၆ရက်နေ့ နေ့လည်(၁) နာရီမှ ညနေ (၃) နာရီအထိ စိန်ထရေးဇာ ရဟန်းဖြစ်သင်ကျောင်းတွင်ပြုလုပ်ခဲ့ပါသည်။ ထိုပြိုင်ပွဲကို ၁၄ ၊၁ ၊ ၂၀၁၇ စနေနေ့တွင်ကျင်းပမည်ဖြစ်ပါသည်။

**ပြိုင်ပွဲအစီအစဉ်များအနေဖြင့်**

**၁။ <u>ကျမ်းစာအလွတ်ရွတ်ဆိုယှဉ်ပြိုင်ခြင်း</u>**

(က)သက်ထွေးအဖွဲ့လိုက်(မဲကျရာ)ရှင်ယောဟန် ဧဝံဂေလိကျမ်း(၃း၁၆-၂၁)ဆာလံကျမ်း(၁၆း၁-၈)ကိုလည်းကောင်း၊(ခ) မိခင်အသင်းမယ်တော်တမန်တော်အသင်းဘာသာတူများအဖွဲ့လိုက် (မဲကျရာ) ရှင်ပေတရု ဩဝါဒစာ ပထမစောင် ( ၃း၁-၇)ပညာအလိမ္မာကျမ်း(၂၇း၁-၁၁)ကိုလည်းကောင်း၊ (ဂ)လူငယ်အဖွဲ့လိုက် (မဲကျရာ) ရောမဩဝါဒစာ (၁၀း၉-၁၈)ဆာလံကျမ်း (၁၉း၁-၄ ၊ ၇-၁၀)ဖိလိပ္ပိဩဝါဒစာ (၂း၁-၁၁)ရှင်မာတေးဦး ဧဝံဂေလိကျမ်း (၅း၁၃-၁၆)များကိုလည်းကောင်း ယှဉ်ပြိုင်ကြရမည်ဖြစ်ပါသည်။

**၂။ <u>ကျမ်းချက်သရုပ်ဖေါ်ယှဉ်ပြိုင်ခြင်း (ဇာတ်လမ်းတို)</u>**

(က) ထွက်မြောက်ရာကျမ်း (၁း၁ မှ ၂း၁၀) (Divine Providence သီလရှင်ကျောင်း)၊ (ခ) ထွက်မြောက်ရာကျမ်း (၂း၁၁ မှ ၄း၁၇) (စေတမန်သီလရှင်ဂိုဏ်း)၊(ဂ) ထွက်မြောက်ရာကျမ်း (၄း၁၈ မှ ၆း၂၇)(စိန်အဲန်းသီလရှင်ကျောင်း)၊(ဃ) ထွက်မြောက်ရာကျမ်း (၆း၂၈ မှ ၁၂း၃၆)( ဘုရားဖြူ)၊(င) ထွက်မြောက်ရာကျမ်း (၁၂း၃၇ မှ ၁၅း၂၁)(ကက်သလစ်လူငယ်)၊ (စ) ထွက်မြောက်ရာကျမ်း (၁၅း၂၂ မှ ၁၇း၇)(J B Gobatto & St Faustina Novitiate)၊(ဆ)ထွက်မြောက်ရာကျမ်း (၁၇း၈ မှ ၂၀း၁၇)( စိန်မိုက်ကယ် ရဟန်းဖြစ်သင်ကျောင်း) တို့မှယှဉ်ပြိုင်ကြမည်ဖြစ်ပါသည်။

**၃။ <u>ဓမ္မတေးသီချင်းသီဆိုယှဉ်ပြိုင်ခြင်း (အဖွဲ့လိုက်)</u>**

ဓမ္မတေးသီချင်းယှဉ်ပြိုင်ရာတွင် နှစ်သက်ရာဓမ္မတေးသီချင်းကို ရွေးချယ်ယှဉ်ပြိုင်နိုင်ပါသည်။ ထိုသို့ယှဉ်ပြိုင်ရာတွင် ရွေးချယ်ထားသည့် သီချင်းနှင့်စပ်လျဉ်းပြီးရွေးချယ်ရသည့်အကြောင်းရင်းနှင့်ရည်ရွယ်ချက်အားယှဉ်ပြိုင်သည့်အချိန်တွင်ပရိသတ်များအား ရှင်းပြပေးရမည်ဖြစ်ပါသည်။

**၄။ <u>ဉာဏ်စမ်း (တိုက်ရိုက်မေး တိုက်ရိုက်ဆုချသည့်အစီအစဉ်)</u>** တွင်ကမ္ဘာဦးကျမ်းနှင့်ကက်သလစ်အသင်းတော်ဆိုင်ရာဗဟုသုတများကိုပရိသတ်များအားလုံးမည်သူမဆိုဖြေဆိုနိုင်ပြီး အလျဉ်းသင့်သလို ကြားဖြတ်မေးမြန်းသွားမည်ဖြစ်သည်။

**Fr.A T Paul**
**တာဝန်ခံဘုန်းတော်ကြီး**
**သမ္မာကျမ်းစာတမန်တော်လုပ်ငန်း**
**တောင်ကြီးကက်သလစ်ဂိုဏ်းချုပ်သာသနာ**

# လူငယ်နှင့်ငြိမ်းချမ်းရေးဖိုရမ်

**လွိုင်ကော်သာသနာ**




လူငယ်နှင့်ငြိမ်းချမ်းရေးဖိုရမ် ဆွေးနွေးပွဲကိုကယားပြည်နယ် လွိုင်ကော်မြို့၊ နာနတ်တောရပ်ကွက်၌ (၂၂-၂၃၊နိုဝင်ဘာလ ၊၂၀၁၆) တွင်ပြုလုပ်ခဲ့ပါသည်။ လူငယ်နှင့် ငြိမ်းချမ်းရေးဖိုရမ်တွင် ကယားပြည်နယ်အတွင်းရှိ မြို့နယ်(၇)မြို့နယ်မှ လူငယ်ရေးရာကိစ္စနှင့် ပတ်သက်ပြီး စိတ်ဝင်စားသော လူငယ်ကိုယ်စားလှယ်များအပြင် ဖယ်ခုံမြို့နယ်နှင့် သံတောင်မြို့နယ်မှ လူငယ်များပါဝင်သည်။ ၎င်းဖိုရမ်တွင် လူငယ်ဦးရေ (၁၃၀)တက်ရောက်ပါဝင်ဆွေးနွေးခဲ့ပါသည်။ လူငယ်နှင့်ငြိမ်းချမ်းရေးဖိုရမ်ကို ကယားပြည်နယ်လူငယ်ကွန်ယက်(kayah state youth network) မှ ဦးဆောင်ပြီး ဖိုရမ်ဖြစ် မြောက်ရန် ကယားပြည်နယ် အတွင်းရှိ လူငယ်အဖွဲ့အစည်းများ ပူးပေါင်းပြီး လူငယ်နှင့်ငြိမ်းချမ်းရေးဖိုရမ်ကို ပြုလုပ်ခဲ့ပါသည်။ လူငယ်နှင့်ငြိမ်းချမ်းရေးဖိုရမ်၏ ပထမနေ့တွင် လူငယ်နှင့်အခွင့်အလမ်းများအကြောင်းကို ဆရာစိုင်းနိုင်နိုင်ထွေး၊ လူငယ်နှင့်နိုင်ငံရေးကို ဆရာဘီတူး၊ မြန်မာနိုင်ငံ၏လက်ရှိငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို KNPP က ဆရာပလူရယ်တို့က ပို့ချဆွေးနွေးသွားပေးခဲ့ပါသည်။ ကယား(ကရင်နီ) လူငယ်များ၏မူဝါဒများအကြောင်းကို Union of Karreni state youthမှ ဆရာဖိလစ်အောင်စိုးနှင့် Kayan news Generation Youth မှ ဆရာဂျွန်သန်းစိုးတို့က ပို့ချဆွေးနွေးသွားခဲ့ပါသည်။ ဒုတိယနေ့တွင် အုပ်စုလိုက်ဆွေးနွေးသွားပါသည်။ ဆွေးနွေးခဲ့သော ခေါင်းစဉ်များမှ လူငယ်နှင့်နိုင်ငံရေး၊ လူငယ်နှင့်ငြိမ်းချမ်းရေး၊ လူငယ်နှင့် အလုပ်အကိုင်အခွင့်အလမ်းများကို အုပ်စု(၃) စုခွဲပြီး ဆွေးနွေးသွားပါသည်။ ထိုဆွေးနွေးချက်များမှ ရရှိလာသောသဘောထား၊ ထုတ်ပြန်ကြေငြာချက်များကို အစိုးရ၊ တိုင်းရင်းသားပါတီများ၊ ရရှိလာသောသဘောထား၊ ထုတ်ပြန်ကြေငြာချက်များကို အစိုးရ၊ တိုင်းရင်းသားပါတီများ၊ လက်နက်ကိုင်အဖွဲ့ အစည်းများသို့ သွားရောက် ဆွေးနွေးရန်အတွက် ကော်မတီများဖွဲ့ခြင်းနှင့် ရှေ့ဆက်လုပ်လုပ်ဆောင်ရမည့်လုပ်ငန်းစဉ်များကို ပြောဆိုဆွေးနွေးကြပြီး လူငယ်ဖိုရမ်ကို အဆုံးသတ်ခဲ့ပါသည်။ **Paleireh**

# လူငယ်ခရစ္စမတ်ပွဲတော်သို့ NCYC အမှုဆောင်များ သွားရောက်ပါဝင်ခြင်း

**မော်လမြိုင်သာသနာ**

"မော်လမြိုင်သာသနာလုံးဆိုင်ရာ လူငယ်ခရစ္စမတ်ပွဲတော်နှင့် ခရစ္စမတ်သီချင်းဆိုပြိုင်ပွဲ"ကို လူငယ်တာဝန်ခံဘုန်းတော်ကြီး ဖာသာရ်ဖိလစ်ရွှေနှင့် လူထုဆက်သွယ်ရေးတာဝန်ခံ ဖာသာရ်ဩဂုတ်စတင်းရွှေတို့မှ ဦးဆောင်၍ ထားဝယ်ဖုံ၊ ပုလောတိုက်နယ် ၊ကဗျာရွာရှိ ဘော်စကိုကုန်း၊ လူငယ်ဗဟိုဌာနတွင် ဒီဇင်ဘာ (၃ရက် မှ ၄ရက်နေ့)ထိ ကျင်းပပြုလုပ်ခဲ့ပါသည်။ ထိုပွဲတော်၏ ဆောင်ပုဒ်အဖြစ် "မြေကြီးပေါ်၌ စိတ်ကောင်းနှလုံးကောင်း ရှိသူတို့အား ငြိမ်သက်ခြင်း ရှိစေသတည်း" လုကာ(၂း၁၄) ကို ရွေးချယ်ထားပါသည်။ ထိုပွဲတော်သို့ မော်လမြိုင်သာသနာမှ စေတမန်လူငယ်အဖွဲ့၊ မြန်မာနိုင်ငံလုံးဆိုင်ရာကက်သလစ်လူငယ်ကော်မရှင်မှ လူငယ်တာဝန်ခံ ဘုန်းတော်ကြီး



ဖာသာရ်ဂျိုးဇက်အယ်ကော်ထူးနှင့် လူငယ်အမှုဆောင်(၄)ဦး၊ မော်လမြိုင်သာသနာတိုက်နယ်အသီးသီးမှ လူငယ်များစုစုပေါင်း (၁၃၀)ကျော် ပါဝင်ခဲ့ပါသည်။ ခရစ္စမတ်ပွဲတော်ပထမနေ့တွင် NCYC မှ နံနက်ပိုင်းအစီအစဉ်ကို ဦးဆောင်ခဲ့ပြီး လူငယ်တာဝန်ခံဘုန်းတော်ကြီး ဖာသာရ်ဂျိုးဇက်အယ်ကော်ထူးမှ "လူငယ်နှင့်အိမ်မက်"ခေါင်းစဉ်ဖြင့် သင်တန်းပို့ချခဲ့ပါသည်။ ညပိုင်းအစီအစဉ်တွင် NCYC မှ ဦးဆောင်၍ "Social Game" များကို တိုက်နယ်အသီးသီးမှ လူငယ်တာဝန်ခံဘုန်းတော်ကြီးများနှင့် လူငယ်မောင်မယ်များအတူတကွ ပျော်ရွှင်စွာ ဆော့ကစားခဲ့ကြပါသည်။

ဒုတိယနေ့ နံနက်ပိုင်းတွင်လည်း NCYC မှ ဦးဆောင်ကာ "Experience Sharing" "Giving Present to God for Christmas" "Listening the Voice of Today Youth" အစီအစဉ်များကို ပြုလုပ်ခဲ့ပြီး ဖာသာရ်အယ်ကော်ထူးမှ "Love" "Who am I?" စသည့်ခေါင်းစဉ်များဖြင့် သင်တန်းပို့ချခဲ့ပါသည်။ ညပိုင်းခရစ္စမတ်သီချင်းဆိုပြိုင်ပွဲတွင်မူ ပထမဆု၊ ဒုတိယဆုနှင့် တတိယဆုများကို ဝါးချောင်းတိုက်နယ်မှ မဂျူးစလင်း၊ မောင်စောလင်းပိုင်နှင့် မောင်ချားလင်းဒင်နီတို့မှ အသီးသီးရရှိခဲ့ကြကာဒိုင်လူကြီးများအဖြစ် ဖာသာရ်ဂျိုးဇက်အယ်ကော်ထူး(NCYC) နှင့် ကိုပီတာလထွယ် (NCYC)တို့မှ ပါဝင်ကူညီ အားဖြည့်ခဲ့ကြပါသည်။ ၅၊၁၂၊၂၀၁၆ နံနက်ပိုင်း မစ္ဆားတရားတော်မြတ်တွင် မော်လမြိုင်ဂိုဏ်းအုပ်သာသနာ ဆရာတော်ကြီးစောရေမွန်ဖိုးရေမှ တရားရေအေးတိုက်ကျွေးကာ မော်လမြိုင်သာသနာလုံးဆိုင်ရာ ခရစ္စမတ်ပွဲတော်ပိတ်ပွဲကိုမစ္ဆားတရားတော်မြတ်နှင့်အတူအောင်မြင်စွာကျင်းပနိုင်ခဲ့ပါသည်။ NCYC







# လူငယ်များဝတ်စောင့်ခြင်း

**ပုသိမ်သာသနာ**

**ဟသ်ာတ၊၂၉-၃၀၊၁၁၊၂၀၁၆**

လူငယ်များဝတ်စောင့်ခြင်းကို ဟသ်ာတသာသနာ ကနောင်စုရပ်ကွက်ရှိ စိန့်မေရီဘုရားကျောင်းတော်ကြီး၌ နိုဝင်ဘာလ (၂၉-၃၀)၂၀၁၆ နေ့တွင် ပြုလုပ်ခဲ့ပါသည်။ ထိုဝတ်စောင့်ခြင်းအစီအစဉ်ကို ၂၉ ရက်ညနေပိုင်းတွင် ကျောင်းထိုင်ဘုန်းတော်ကြီးမာတီးယားစောစံဝင်း၏ အဖွင့်ဆုတောင်းဖြင့်စတင်ခဲ့သည်။ ဝတ်စောင့်ခြင်းအစီအစဉ်တွင် ကျောင်းထိုင်ဘုန်းတော်ကြီးမှ လူငယ်များအားမိမိတို့ဘဝ၏ ဘုရားသခင်အပေါ် ယုံကြည်မှုကိုသက်သေခံစေခဲ့ပြီး ကျမ်းစာတော်မြတ်မှ နီတိဒေသနာကျမ်းတွင်ပါရှိသော **"မိတ်ဆွေစစ်မိတ်ဆွေမှန်ရှာဖွေပုံနှင့် မိတ်ဆွေဘယ်နှစ်မျိုးရှိကြောင်း"** ကို လူငယ်များအား အဖွဲ့သုံးဖွဲ့ခွဲ၍ထောက်ရှုစေခဲ့ပါသည်။ ထို့နောက် ၃၀၊၁၁၊၂၀၁၆ နံနက် (၅း၃၀) အချိန်တွင် ကမ္ဘာဦးထောက်ရှုစေခဲ့သည်။ ဆက်လက်၍ဘုန်းတော်ကြီးမှ ဩဝါဒမြွက်ကြားခဲ့ပြီးအဖွဲ့တစ်ဖွဲ့စီအား ကျမ်းပိုဒ်တစ်ပိုဒ်စီပေးကာ အထင်အမြင်ကိုဝေမျှခိုင်းခြင်း၊



စိပ်ပုတီးစိပ်ခြင်း အစီအစဉ်များပြုလုပ်ကာ ညနေ(၄း၀၀)နာရီအချိန်တွင် လူငယ်များအတွက် မစ္ဆားတရားပူဇော်ခဲ့ပါသည်။ ညနေ(၇း၀၀)နာရီအချိန်တွင် ဂိမ်းကစားခြင်း၊ ညမေတ္တာဆိုခြင်းတို့ဖြင့် ဝတ်စောင့်ခြင်းအစီအစဉ်ကိုအဆုံးသတ်ခဲ့ပါသည်။ ဝတ်စောင့်ခြင်းအစီအစဉ်တွင် လူငယ် (၁၈)ဦးပါဝင်ခဲ့သည်။ တစ်ဆက်တည်း ည(၁၁း၀၀) အချိန်တွင် Sweet December ကိုကြိုဆိုသည့် မစ္ဆားတရားပူဇော်ကာ လူငယ်များမှ Sweet December ကိုကြိုဆိုသည့်အနေဖြင့် ဘာသာတူအိမ်တိုင်းသို့ သွားရောက် ကာ တေးသီချင်းသီဆိုနှုတ်ဆက်ခဲ့ကြပါသည်။ Pius

# ကရုဏာမြန်မာရန်ကုန်ရုံးချုပ်မှ ကြီးမှူးကာ ကလေးသူငယ်ဘက်စုံဖွံ့ဖြိုး ရေးနှင့်ပြုစုပျိုးထောင်ရေးနှီးနှောဖလှယ်ပွဲပြုလုပ်

**မန္တလေးဂိုဏ်းချုပ်သာသနာ**

မန္တလေးကက်သလစ် ဂိုဏ်းချုပ် သာသနာအတွင်းရှိ ချမ်းသာကုန်း စိပ်ပုတီး မယ်တော်သင်မဘုရားကျောင်းတွင် နိဝင်ဘာလ( ၁၆-၁၈)ရက်ထိ ၊ ကရုဏာမြန်မာ လူမှုစည်းလုံးညီညွတ်ရေး ရန်ကုန်ရုံးချုပ်မှ ကြီးမှူးကာ ရှေးဦးအရွယ် ကလေးပြုစုပျိုးထောင်ရေးနှင့် ဘက်စုံဖွံ့ဖြိုးရေးလုပ်ငန်း နှီးနှောဖလှယ်ပွဲကို ကျင်းပပြုလုပ်ခဲ့ကြပါသည်။နှီးနှောပွဲသို့ ဟားခါး၊ လားရှိုး၊ မော်လမြိုင် ၊ မန္တလေး ၊ တောင်ငူနှင့် တောင်ကြီးတို့မှဘာသာပေါင်းစုံပါဝင်ကာ လူဦးရေ ၄၇ ဦးပါဝင်တက်ရောက် ခဲ့ကြပါသည်။ တက်ရောက်သူများမှာ ကျောင်းသားမိဘများ၊ မူကြိုဆရာ၊ဆရာမများ၊ကရုဏာမှ ဝန်ထမ်းနှင့်အဖွဲ့ဝင်များနှင့် ကရုဏာရုံးချုပ်မှဝန်ထမ်းများ ပါဝင်ခဲ့ကြသည်။ မန္တလေးကရုဏာမြန်မာစည်းလုံးညီညွတ်ရေးများ ဒါရိုက်တာFr.မြင့်စိုးမှ အဖွင့်အမှာစကားကိုပြောကြားခဲ့ပြီး၊ ရုံးချုပ် ကျန်းမာရေးဌာနမှလက်ထောက်မန်နေဂျာဒေါ်ခိုင်ဇာလွင်မှ ကလေးသူငယ်ဘက်စုံဖွံ့ဖြိုးရေးနှင့် ပြုစုပျိုးထောင်ရေးဆိုင်ရာ ကူးစက်ရောဂါ ကာကွယ်စောင့်ရှောက်ခြင်းနှင့်ဆိုင်သည့်ကျန်းမာရေးအသိပညာပေး အကြောင်းအရာများကို ဟောပြောပို့ချပေးခဲ့သည်ဟု သိရှိရပါသည်။ နေပြည်တော်၊ လူမှုဝန်ထမ်း ဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဒေါ်လှဲ့ယဉ်ဝင်းမှ ကလေးသူငယ် ဘက်စုံဖွံ့ဖြိုးရေးနှင့်ဆိုင်သည့် မူဝါဒဆိုင်ရာများကို ရှင်းလင်းပို့ချပေးခဲ့သည်ဟု သိရှိရပါသည်။ ကရုဏာမြန်မာ လူမှုစည်းလုံးညီညွတ်ရေး ရန်ကုန်ရုံးချုပ် ပညာရေးကဏ္ဍမှ Sr.Elizabeth Chit Pon မှ ကလေးသူငယ်အခွင့်အရေးနှင့် မိသားစုများအတွက် လူမှုစိတ်ပိုင်းဆိုင်ရာ ပံ့ပိုးမှုအကြောင်းတို့ကို ရှင်းလင်းပို့ချပေးခဲ့သည်ဟု သိရှိရပါသည်။ ရန်ကုန်ရုံးချုပ်မှ ဒေါ် Agatha မှလည်း ကလေးသူငယ် ဘက်စုံဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ အခြေခံအကြောင်းအရာများကို ပြောပြခဲ့ပြီး ကလေးသူငယ်ဘက်စုံဖွံ့ဖြိုးရေးလုပ်ငန်းကို လုပ်ဆောင်နေကြသည့် မိဘဆရာ ၊ ဆရာမများနှင့် ကော်မတီတို့၏ အခန်းကဏ္ဍအကြောင်းအရာများကို တက်ရောက်ပါဝင်သူများက အဖွဲ့လိုက် ဆွေးနွေးတင်ပြခဲ့ကြသည်ဟုသိရှိရပါသည်။





ဆက်လက်ပြီး ကလေးသူငယ် ဘက်စုံဖွံ့ဖြိုးရေး၊ ပြုစုပျိုးထောင်ရေးလုပ်ငန်းနှင့် ပတ်သက်၍ လက်တွေ့သိရှိနားလည်နိုင်ရန်အတွက် ( ၁၈၊၁၁၊၂၀၁၆)ရက်နေ့က မန္တလေးမြို့ပေါ်ရှိ လူမှုဝန်ထမ်းဦးစီးဌာနမှဖွင့်လှစ်ထားသည့် မူကြိုကျောင်းနှစ်ကျောင်း၊ မန္တလေးကက်သလစ်သာသနာ၊ စိန်မိုက်ကယ်(သံဝင်း) ဘုရားကျောင်းရှိ ကက်သလစ်အသင်းတော် အခြေပြုမူကြိုကျောင်း (၁)ကျောင်းတို့အား လေ့လာရေးသွားခဲ့ကြပြီး၊ မန္တလေးမြို့ပေါ်ရှိ ဘုရားကျောင်းများ၊နန်းတွင်း ၊ကျောက်စိမ်းဘုရား၊ ဦးပိန်တံတား စသည့်နေရာများအားလည်း သွားရောက်လည်ပတ်ခဲ့ကြသည်ဟု သိရှိရပါသည်။ယခုကဲ့သို့ ကလေးသူငယ်ဘက်စုံဖွံ့ဖြိုးရေးနှင့် ပြုစုပျိုးထောင်ရေးဆိုင်ရာနှီးနှောပွဲအားပြုလုပ်ရခြင်းမှာ မိဘများ၊ ဆရာ၊ ဆရာမများအားကလေးသူငယ် အာဟာရပြည့်ဝရေးနှင့် တစ်ကိုယ်ရေတကာယများသည် အရေးကြီးကြောင်းအား သိရှိနားလည်စေရန်အတွက် ရည်ရွယ်၍ ပြုလုပ်ခဲ့ခြင်းဖြစ်သည်ဟု ကရုဏာမြန်မာ ရန်ကုန်ရုံးချုပ်မှ ပညာရေးကဏ္ဍမှ တာဝန်ရှိသူစစ္စတာရဲ ဧလိဇဘတ်ချစ်ပုံက ပြောပြခဲ့ပါသည်။ ဆက်လက်ပြီး ကရုဏာမြန်မာစည်းလုံးညီညွတ်ရေး ရန်ကုန်ရုံးချုပ် ပညာရေးကဏ္ဍအနေဖြင့် ဟားခါး၊ တောင်ကြီး၊ တောင်ငူစသည့် သာသနာတို့အားလည်း သွားရောက်ကာ ကလေးသူငယ်နှင့်ဆိုင်သော အသိပညာပေးရေးသင်တန်းများကို ပို့ချပေးမည့်အစီအစဉ်များလည်း ရှိသည်ဟု သိရှိရပါသည်။**Pinky ( MDY-OSC)**

# ဘုရားသခင်၏သနားကြင်နာခြင်းဂျူဘီလီနှစ်ပိတ်ပွဲ

**ဘားအံသာသနာ ၁၃၊၁၁၊၂၀၁၆**

ဘုရားသခင်၏ သနားကြင်နာခြင်းဂျူဘီလီမင်္ဂလာနှစ်ပိတ်ပွဲကိုဘားအံမြို့ရှိစိန်ဖရန်စစ်ဇေးဗီးယားကာသီဒြယ်ဘုရားရှိခိုးကျောင်း၌ (၁၃၊၁၁၊၂၀၁၆) တနင်္ဂနွေနေ့ နံနက် ၈ နာရီတွင် မစ္ဆားတရားတော်မြတ်နှင့် ဘားအံဂိုဏ်းအုပ်ဆရာတော်ကြီး ဂျက်စတင်းစောမင်းသိုက်မှဦးဆောင်ပြီးဘုန်းတော်ကြီး ငါးပါး ခြံရံကာ မစ္ဆားတရားတော်မြတ်ကို ပူဇော်ခဲ့ပါသည်။

ဆက်လက်ပြီး အဖဆရာတော်ဘုရားသည်"သနားကြင်နာခြင်းနေ့ အဖြစ်သတ်မှတ်ပေးခဲ့တဲ့အတွက်ဘုရားသခင်အားကျေးဇူးတင်ရှိကြောင်း၊ သခင်ခရစ်တော်သည်သနားကြင်နာခြင်းအရှင်ဖြစ်ကြောင်း၊သခင်ခရစ်တော်ကိုစံနမူနာယူပြီးလူသားခြင်းတစ်ဦးနှင့်တစ်ဦး သနားကြင်နာခြင်းရှိဖို့ရန်၊ တစ်ဦးနှင့်တစ်ဦးစွန့်လွှတ်အနစ်နာခံချစ်ပြီးအများအတွက်ပေးဆပ်နိုင်ဖို့၊ တစ်ဦးအပေါ်တစ်ဦး ခွင့်လွှတ်နာခံခြင်းရှိဖို့ သနားကြင်နာခြင်းနေ့ပြီးဆုံးသွားသော်လည်း ဆက်လက်ပြီးထိုအရာများကို လုပ်ဆောင်သွားဖို့ " ဘာသာသူများအားတိုက်တွန်းနှိုးဆော်ခဲ့ပါသည်။ ဆက်လက်ပြီး မစ္ဆားတရားတော်မြတ်ကို နာယူပြီး ဘုရားသခင်၏သနားကြင်နာခြင်းဂျူဘီလီကောင်းကြီးဖြင့်မစ္ဆားတရားတော်မြတ်ကိုအဆုံးသတ်ခဲ့ပါသည်။ **Hpaan-Osc**







CBCM-Herald. Volume (1), No (16) 15 December 2016

# စိန့်ဖရန်စစ်ဖေးဗီးယားကုသိုလ်ဖြစ်ဆေးခန်းဖွင့်ပွဲကျင်းပ

**မန္တလေးဂိုဏ်းချုပ်သာသနာ**

မန္တလေးကက်သလစ် ဂိုဏ်းချုပ်သာသနာ(၇၅လမ်း၊၂၈-၂၉ကြား)ရှိစိန့်ဖရန်စစ်ဖေးဗီယား (ကုသိုလ်ဖြစ်ဆေးခန်း) ဖွင့်ပွဲအခမ်းအနားကို ဒီဇင်ဘာလ(၃)ရက်နေ့ နံနက် ( ၉း၀၀)နာရီက မန္တလေး ကက်သလစ် ဂိုဏ်းချုပ်သာသနာမှ ဆရာတော်ကြီး နီကောလာစ်းမန်ထန်းမှ ကောင်းချီးပေးခဲ့ပါသည်။ မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့ဝင် ဝန်ကြီးချုပ် ဒေါက်တာဇော်မြင့်မောင်၊ မြို့တော်ဝန်ဒေါက်တာ ရဲလွင်နှင့် အဖွဲ့ဝင်များ၊ အလှူရှင်များဖြစ်ကြသော Denk Pharma ( Germany )မှ Mr. Stephan Huber , TTO Pharma Myanmar မှ ဦးထွန်းထွန်းဦး ၊ ကျန်းမာရေးကော်မရှင်မှ တာဝန်ခံ ဘုန်းတော်ကြီး Fr.Dominic Thiha နှင့်ကျန်းမာရေးကော်မရှင်မှ အဖွဲ့ဝင်များ၊ ဘုန်းတော်ကြီးများ၊ သီလရှင်များနှင့်၊ ဖိတ်ကြားထားသော ဧည့်သည်တော်များ ပါဝင်တက်ရောက်ခဲ့ကြပါသည်။

မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့ဝင် ဝန်ကြီးချုပ် ဒေါက်တာဇော်မြင့်မောင်မှ " မြန်မာနိုင်ငံဟာ ဘာသာရေးအနေနဲ့ ဗုဒ္ဓဘာသာသာသနာ ဖြစ်ပေမယ့် ခရစ်ယာန်ရှိတယ်၊ အစ္စလာမ်ရှိတယ်၊ ဟိန္ဒူရှိတယ်၊ အခြားနတ်ကိုးကွယ်သောဘာသာတွေရှိတယ်ဆိုတာကို အသိအမှတ်ပြုပါတယ်။ ဒါဟာအခြေခံဥပဒေနဲ့အညီ အခြားသာသနာက အခုလို ကုသိုလ်ဖြစ်ဆေးခန်းဖွင့်ပေးတဲ့အချိန်မှာကျွန်တော်တက်ရောက်ပေးဖို့ လိုအပ်တယ်လို့လည်း ယုံကြည်ပါတယ်။ ယူလည်းယူဆပါတယ်။ ဒါကြောင့်လည်းတက်ရောက်ခဲ့တာပါ။ ကျွန်တော်ယုံကြည်ပါတယ်မေတ္တာတရားဟာအရာရာကို လွှမ်းခြုံတယ်ဆိုတာ ခရစ်ယာန်သာသနာမှာလည်းရှိပါတယ် ညာဘက်ပါးကိုရိုက်ရင် ဘယ်ဘက်ပါးကို ထိုးပေးပါလို့ ပြောထားတယ်။ ဒါဟာမေတ္တာပါပဲ။ ဒီကနေ့ကမ္ဘာကြီးကိုကြည့်လိုက်ရင် လူသားတွေကို ပျက်စီးဆုံးရှုံးစေတဲ့စစ်ပွဲတွေကိုတွေ့နေရပါတယ်။ ကျွန်တော်ဒီစစ်ပွဲတွေကိုရပ်စေချင်ပါတယ်။ အားလုံးဟာ လူသားဆိုတဲ့ အခြေခံယူနစ်ပေါ်မှာဘဲ ကျွန်တော်တို့ တစ်ဦးနဲ့တစ်ဦး ချစ်ချစ်ခင်ခင် နေရမယ်။ တစ်ဦးနဲ့ တစ်ဦး ရိုင်းပင်းရမယ်။ တစ်ဦးနဲ့တစ်ဦး ကူညီကြမယ်။ ဒါဟာလူသားချင်းစာနာတဲ့ စာနာမှုဖြစ်ပါတယ်။ ယနေ့ကမ္ဘာမှာ အောင်မြင်နေတဲ့သူတွေဟာ IQ ကြောင့်မဟုတ်ပါဘူး။ EQ ကြောင့်ပါစာနာမှုရှိရမယ်။ မေတ္တာထားရတယ်။ စာနာတာနဲ့ မေတ္တာထားတတ်တဲ့လူတွေ ဒီလူတွေနဲ့ IQ မြင့်တဲ့သူတွေ၊ ဆက်ဆံရေးကောင်းတဲ့သူတွေဟာလောကမှာအောင်မြင်တာပါ။ ဒီလို အောင်မြင်ဖို့အတွက်အခြေခံက မေတ္တာထားတက်ဖို့အရေးကြီးပါတယ်။ဒီနေ့ကုသိုလ်ဖြစ်ဆေးခန်းတွေက နေရာအသီးသီးမှာ ပေါ်များနေပါတယ်။ ဒါကောင်းတဲ့လက္ခဏာပါ။ ပြည်သူလူထုရဲ့ ကျန်းမာရေးတို့ ၊ စီးပွားရေးတို့၊ ပညာရေးတို့ဆိုတာ အဓိကအားဖြင့် ကျွန်တော်တို့ အစိုးရတွေက လုပ်ပေးရမှာပါ။ ဒါပေမယ့် ကျွန်တော်တို့ အစိုးရတွေမှာလည်းအကြောင်းကြောင်းကြောင့်၊ ဘက်ဂျက်ကအကန့်အသက်ရှိပါတယ်။ အဲဒီတော့ အားလုံးကို လွှမ်းခြုံနိုင်တဲ့ ပညာရေး ကျွန်တော်တို့ကြိုးပမ်းဆောင်ရွက်နေပါတယ်။တစ်ချိန်မှာ ကျွန်တော်တို့အားလုံး လွှမ်းခြုံနိုင်တဲ့ကျန်းမာရေးကိုလည်း ကျွန်တော်တို့ လုပ်မှာပါ။ ထူထောင်မှာပါ။ အဲ့လိုမထူထောင်ခင်ကြားကာလမှာ ဒီလိုကုသိုလ်ဖြစ်ဆေးခန်းတွေပေါ်လာတာဟာ ပြည်သူလူထုအတွက် အားကိုးရာ၊ အားထားစရာ နေရာလေးလို့ ကျွန်တော်ယုံကြည်ပါတယ်။ ဒီစိန့်ဖရန်စစ်ဖေးဗီးယား ကုသိုလ်ဖြစ်ဆေးခန်းကြီးဟာ လူမျိုးဘာသာမရွေး အားလုံးအတွက်လို့ ပြောသွားတဲ့အတွက် ဒီကုသိုလ်ဖြစ်ဆေးခန်းကြီးရေရှည်တည်တံ့ပါစေလို့ဆုတောင်းပေးပါတယ် "ဟု ပြောကြားခဲ့ပါသည်။ဆက်လက်ပြီးမန္တလေးကက်သလစ်ဂိုဏ်းချုပ်သာသနာမှ ဆရာတော်ကြီး နီကောလာစ်းမန်ထန်းမှလည်း ကြွရောက်လာကြသောမန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးချုပ်ဒေါက်တာဇော်မြင့်မောင်၊ မြို့တော်ဝန်ဒေါက်တာရဲလွင်၊ ဂျာမနီနိုင်ငံမှမစ္စတာစတီးဗင်းဟူးဘက် ၊ တီတီအိုမှ ဦးထွန်းထွန်းဦး ၊ ဘုန်းတော်ကြီးများ၊ သီလရှင်များနှင့်ဘာသာတူ မိတ်ဆွေများအားလုံး ကြွရောက်လာပေးသည့်အတွက် ကျေးဇူးအထူးတင်ရှိကြောင်း၊ အထူးသဖြင့်အလှူရှင်များဖြစ်ကြသော ဂျာမနီနိုင်ငံမှ မစ္စတာစတီးဗင်းဟူးဘက်နှင့် တီတီအိုဆေးဝါးထုတ်လုပ်ရေးမြန်မာမှဦးထွန်းထွန်းတို့အား ကျေးဇူးအထူးတင်ရှိပါကြောင်း၊ ပြောကြားခဲ့ပါသည်။

မစ္စတာစတီးဗင်းမှ ပြောကြားရာတွင်လည်း "ကျွန်တော်တို့ အားလုံးဟာ ဆင်းရဲသားများနှင့် လိုအပ်နေသည့် သူများရဲ့ကျန်းမာရေး လိုအပ်ချက်တွေကို ဖန်တီးပေးကြဖို့ကျွန်တော်တို့အားလုံးမှာ တာဝန်ရှိပါတယ်။အားလုံးလို့ပြောတဲ့နေရာမှာဒီဆေးခန်းဆောက်တဲ့အခါမှာ ဝိုင်းဝန်းဆောင်ရွက်ကြသူတွေရော၊ ဒီဆေးခန်းမှာပါဝင်ပြီးတော့ လုပ်ဆောင်ကြမယ့် ဝန်ထမ်းတွေရောစိန့်ဖေးဗီးယားသာသနာမှ ပုဂ္ဂိုလ်များရော ၊မန္တလေးကက်သလစ်သာသနာ တစ်ခုလုံးရော ဒါတင်မက အစိုးရအဖွဲ့အစည်းများနှင့် မန္တလေးမြို့တစ်ခုလုံးမှ ပုဂ္ဂိုလ်များအားလုံးကို ဆိုလိုခြင်းဖြစ်ကြောင်း၊ ဒီကနေ့ဟာကျွန်



တော်တို့အားလုံးအတွက် နေသာတဲ့နေ့ဖြစ်ကြောင်း၊ အနာဂတ်အတွက်တောက်ပြောင်တဲ့နေ့တစ်နေ့လို့ဆိုရမှာဖြစ်တယ်"ဟု ပြောကြားခဲ့ပါသည်။

ဆက်လက်ပြီးFr.Dominic Thiha မှ "စိန့်ဖေးဗီးယား ဆေးခန်းကို(၂၀၀၃) ခုနှစ်မှ စတင်ဖွင့်ဖြစ်ခဲ့ပြီး ဆေးခန်းအား ဂိုဏ်းချုပ်ဆရာတော်ကြီးပေါလ်ဂရောင်နှင့် Fr.John Aye Kyaw၊ ကျောင်းထိုင်ဘုန်းတော်ကြီး Fr.John Mg Ni တို့၏ ဦးဆောင်မှုဖြင့်ဒေါက်တာခင်မောင်ပြုံး ခုတင် (၃၀၀) ဆေးရုံအုပ်ကြီး(ငြိမ်း)နှင့်ဒေါက်တာချိုလေးမာတို့ကနေတာဝန်ယူပြီး စတင်ဖွင့်လှစ်ခဲ့ကြောင်း၊ ရဟန္တာစိန့်ဖရန်စစ်ဖေးဗီးယားဘွဲ့အမည်နာမဖြင့် ဆေးခန်းအမည်ကိုပေးခဲ့ကြောင်း၊သမားတော်ကြီးအနေဖြင့် ဒေါက်တာကောင်းညွှန့်စံ၊ သွားနှင့်ခံတွင်းဒေါက်တာနော်မေဖော၊ အထွေထွေဆရာဝန်များအနေဖြင့်ဒေါက်တာအောင်ကိုဦးနှင့်ဒေါက်တာမင်းသန့်ဇော်မောင်စသည်ဖြင့်ဆရာဝန်ခြောက်ဦးဖြင့်လည်ပတ်ခဲ့ကြောင်း၊အဓိကလုပ်ငန်းအနေနဲ့ကတော့ **အိုပီဒီ** လူနာများအား စရိတ်မျှပေးစနစ်ဖြင့် ကုသပေးခဲ့ကြောင်း၊ ဆေးရုံကြီးကို လွှဲပေးသင့်သောလူနာများအားလွှဲပေးခဲ့ကြောင်း၊ဆေးမဝယ်နိုင်ဆက်လက်၍မကုသနိုင်သောလူနာများအားပံ့ပိုးမှု ပြုလုပ်ပေးခဲ့ကြောင်း၊ ပီအက်စ်အိုင်နှင့်ချိတ်ဆက်လျှက် တီဘီရောဂါလူနာများအားကုသပေးခဲ့ကြောင်း၊HIV/AIDSလူနာများအားအလိုင်းယားစ်နှင့် ကုသပံ့ပိုးမှုပေးခဲ့ကြောင်း၊ တစ်လလျှင်ပျမ်းမျှလူနာ(၅၀၀)ဦးရေရှိကြောင်း၊ ထိုသို့လုပ်ဆောင်နေရာမှ မမျှော်လင့်ဘဲ (၂၀၁၄)ဇန်နဝါရီလက ဆေးခန်းတစ်ခြမ်း မီးလောင်မှုထဲပါသွားရာမှမပြုပြင်နိုင်ခဲ့သည့်အတွက်(၃)နှစ်နီးပါး ဆေးခန်းအား ရပ်ဆိုင်းထားခဲ့ရကြောင်း၊ ယနေ့အချိန်တွင် မန္တလေးကက်သစ်သာသနာမှာရှိသော အလှူရှင်များနှင့်အတူအဓိကအလှူရှင်နှစ်ဦးဖြစ်သော Mr. Stevin Huber, Denk Pharma, Germany andU Tun Tun Oo ,TTO Pharma Myanmar တို့၏ ကုသိုလ်ကောင်းမှုကြောင့် ဆေးခန်းအားယခုလိုပြန်လည်တည်ဆောက်ပြီးဖွင့်ပွဲကျင်းပနိုင်ခြင်းဖြစ်ကြောင်း၊ (၅၊၁၂၊၂၀၁၆) ရက်နေ့မှစတင်ကာပြန်လည်ကုသပေးမည့်အစီအစဉ်များမှာ အထူးကုဆရာဝန်ကြီးခုနစ်ဦးအပါအဝင်ဆရာဝန်ဆရာမ၊ဝန်ထမ်းစုစုပေါင်း(၂၅)ဦးဖြင့်လည်ပတ်သွားမည်ဖြစ်ကြောင်း၊ ဆက်လက်၍လည်း အစွမ်းကုန်ကြိုးစားဆောင်ရွက်သွားမည်ဟုသံဓိဌာန်ချထားကြောင်း" ကျန်းမာရေးတာဝန်ခံဘုန်းတော်ကြီး ဒေါက်တာဒေါမိနစ်သီဟမှပြောကြားခဲ့ပါသည်။

မန္တလေး ကက်သလစ်ဂိုဏ်းချုပ်သာသနာ စိန့်ဖရန်စစ်ဖေးဗီးယားဆေးခန်းကိုဖာသာရ်ဂျွန်အေးကျော်၏ပံ့ပိုးမှု၊ကျောင်းထိုင်ဘုန်းတော်ကြီး စတီးဗင်း ဦးစို၏ဦးဆောင်မှုဖြင့် (၁၉၉၆) ခုနှစ်တွင် တည်ဆောက်ပြီးစီး၍ ဂိုဏ်းချုပ်ဆရာတော်ကြီး အယ်လ်ဖုန်း ဦးသန်းအောင်မှ စိန့်ဖရန်စစ်ဖေးဗီးယားအမည်နှင့် ကောင်းချီးပေးဖွင့်လှစ်ခဲ့ပါသည်။ ထိုအဆောက်အဦးမှာ (၂၀၁၄)ခုနှစ်တွင်မမျှော်လင့်ဘဲမီးလောင်ကျွမ်းခံခဲ့ရသည်။ ယင်းအဆောက်အဦးကို ကျောင်းထိုင်ဘုန်းတော်ကြီး ဖာသာရ်ဂျော့ခင်မောင်ထွေး၏ အားပေးကူညီမှုနှင့်ဖာသာရ်သီဟမှ တာဝန်ယူ ပြန်လည်ပြင်ဆင်ဆောက်လုပ်ခဲ့ခြင်းဖြစ်ပြီး ဆေးခန်း၏အဓိကရည်ရွယ်ချက်မှာ မရှိဆင်းရဲသားများအတွက်လူမျိုး၊ ဘာသာမခွဲခြားဘဲ ကျန်းမာရေးစောင့်ရှောက်မှုပေးရန်ဖြစ်သည်ဟု သိရှိရပါသည်။

**Pinky ( MDY-OSC)**

# ဂျေရောဗလိုဆုတောင်းပြည့်မယ်တော်ပွဲကျင်းပခြင်း

ဖယ်ခုံသာသနာ။၈၊၁၂၊၂၀၁၆



ဒီဇင်ဘာလ(၈) ရက် ကြာသာပတေးနေ့တွင် အသင်းတော်ကြီးက ကညာမာရီးယာ၏ အပြစ်မဲ့ သန္ဓေယူခြင်းပွဲကို ကျင်းပသည့် အားလျော်စွာ ထိုနေ့၌ပင် ဖယ်ခုံဂိုဏ်းအုပ်သာသနာရှိ ဂျေရောဗလိုဆုတောင်းပြည့် မယ်တော်သခင်မ၏ ပွဲတော်ကို စည်ကားသိုက်မြိုက်စွာ ပြုလုပ်ကျင်းပခဲ့ပါသည်။ ပွဲတော်ရက် မတိုင်မီ နိုဗီးနား(၉) ရက်တိုင်တိုင် ရပ်နီးရပ်ဝေးမှ ယုံကြည်သူ သားသမီးများက အသင်းအဖွဲ့လိုက်ဖြစ်စေ တစ်ဦးတည်းဖြစ်စေ အလှည့်ကျ ဝတ်ပြုခြင်းနင့်နိုဗီးနား၊ မစ္ဆားများကိုလည်း သဒ္ဒါကြည်ညိုခြင်းအပြည့်ဖြင့်ပြင်ဆင်လာခဲ့ပြီးဖြစ်ရာ ပွဲတော်ကြီးနေ့ဖြစ်သော ၈၊၁၂၊၂၀၁၆ ကြာသာပတေးနေ့၌ နံနက် ၆း၀၀ နာရီတွင် ပွဲတော်ကြီး၏ပထမမစ္ဆား၊ နံနက် ၉း၀၀ နာရီတွင်ပွဲတော်ကြီး၏ မစ္ဆားတရားတော်ကြီးကို ဆရာတော်ကြီး ပီတာလတ်မှ ဦးဆောင်ပြီး ဘာဆီးလျို့အားသိုက်မှ တရားရေအေးကို တိုက်ကျွေးပေးခဲ့ရာဆရာတော်ကြီးက "အမိမယ်တော်ဟာ အပြစ်မဲ့သန္ဓေယူပြီး မွေးဖွားရုံသာမက အစွန်းမဲ့သော အပျိုစင်ဘဝနဲ့ နေသွားခဲ့သူတစ်ယောက်ဖြစ်ပါတယ်။ မယ်တော်ဟာ အမှန်စင်စစ် အပြစ်မဲ့သန္ဓေ ယူခဲ့ရတယ်ဆိုတာလုဒ်မြို့မှာ ထင်ရှားပြတဲ့အခါမှာ ပြောပြခဲ့တယ်။ ဒါကြောင့်မို့လည်း ရဟန်းမင်းကြီး (XII) ပါးမြောက် Pius ကနေပြီးတော့မယ်တော်ဟာအမှန်စင်စစ် အပြစ်မဲ့သန္ဓေယူခဲ့သောသူဖြစ်ကြောင်းကို တရားဝင်ကြေငြာပြီး ကျွန်ုပ်တို့ရဲ့ ယုံကြည်ရာအချက်အဖြစ် အသက်သွင်းခဲ့တယ် ဒါကြောင့်မို့ကျွန်ုပ်တို့ ခရစ်ယာန်များအတွက် ဒါကိုအကြွင်းမဲ့ယုံကြည်လက်ခံကြရမယ်ဖြစ်တယ်။ ဒီကနေ့ ကျွန်ုပ်အနေနဲ့ မယ်တော်ကျင့်ခဲ့တဲ့ တရားလေးကို စာနစ်ကြောင်းနဲ့ဝေမျှပေးသွားချင်ပါတယ်။ ပထမတစ်ခုက မယ်တော်ဟာ မဖြစ်ချင်တဲ့ဘဝကို ဖြစ်အောင်နေသွားခဲ့တယ်။ ဒုတိယတစ်ခုကမယ်တော်ဟာမဖြစ်နိုင်တဲ့ဘဝကို ဖြစ်အောင်နေသွားခဲ့တယ်။ ဘုရားအလိုကျနေသွားဖို့ မယ်တော်ဟာ မိမိရဲ့ဆန္ဒကို ငြင်းပြီးမှဘုရားအလိုရှိတဲ့ဘဝကိုနေသွားခဲ့တယ်။ ဒါဟာမယ်တော်ရဲ့အမြတ်ဆုံးတရားတစ်ခု ဖြစ်တယ်။ ဘဝဟာဖြစ်ချင်တိုင်းလည်း မဖြစ်ရ၊ တောင့်တတိုင်းလည်း မပြည့်ဝတတ်ပါဘူး၊ ကြုံလာတဲ့ဘဝကိုလည်း မလိုချင်ဘူးဆိုပြီးငြင်းဆန်လို့မရသလို ရွေးချယ်လို့လည်းမရတဲ့အရာတွေဖြစ်တယ်။ ဒီသဘောတရားကို မယ်တော်ကသိတယ်၊ ဘုရားသခင်ကိုချစ်တဲ့စိတ်နဲ့ နှိမ့်ချသောနလုံးသား၊ ခိုင်မာသော ယုံကြည်ခြင်းတရားတွေနဲ့ လက်ခံခဲ့တယ်။ မိခင်ဖြစ်လျှက်နှင့် အပျိုစင်ဆိုတာ ဘယ်သူနားလည်နိုင်မလဲ ဘယ်လိုဖြစ်နိုင်မလဲဒါပေမယ့် မယ်တော်က ဖြစ်အောင်နေသွားခဲ့တယ်။ ဒါကြောင့် ကျွန်ုပ်တို့သည်လည်း အရာရာကို အမိမယ်တော်ကဲ့သို့ ယုံကြည်ခြင်းနဲ့ လက်ခံရမယ် ကြိုးစားဖြည့်စွက်ကြရမှာဖြစ်ပါတယ်"ဟု မိန့်ကြားပေးသွားခဲ့ပါသည်။ ပွဲတော်နေ့ကြီး၏ မစ္ဆားပူဇော်ခြင်းသို့ ပါဝင်တက်ရောက်သူများမှာ ဖယ်ခုံဂိုဏ်းအုပ်သာသနာ၏ဆရာတော်ကြီးပီတာလတ်အပါအဝင် တောင်ကြီး ဂိုဏ်းချုပ်ဆရာတော်ကြီး ဘာဆီးလျို့အားသိုက်၊ ဆရာတော်မာတီးယာဦးရွှေ (ငြိမ်း) ၊ တောင်ငူ ဆရာတော်အိုက်ဇက်ဓနနှင့် လွိုင်ကော် ဆရာတော်ကြီး ဆိုတေးရိုဖားမော (ငြိမ်း) စုစုပေါင်း ဆရာတော် (၅) ပါး၊ ဘုန်းတော်ကြီး ၁၃၀ ပါး၊ ကိုရင်အပါး ၂၀၀ ခန့်နှင့် သီလရှင် (၁၀၀ ) ပါးထက်မနည်း ပါဝင်ခဲ့ကြသည်။ ယုံကြည်သူဘာသာတူပေါင်းသုံးသောင်းခန့် ပါဝင်ခဲ့ကြသည်။ မစ္ဆားတရားတော်အပြီးတွင် ဦးဖရန်းစွကိုမှ ကျေးဇူးတင်စကားပြောကြားရာ ပွဲတော်ဖြစ်မြောက်ရေးအတွက် နည်းမျိုးစုံဖြင့်ကူညီပံ့ပိုးပေးခဲ့ကြသောရပ်နီးရပ်ဝေးကျေးဇူးရှင်များအထူးများနှင့် သူတော်စင် ကိုရင်၊ သီလရှင်နှင့် ဘာသာသူများအားလုံးတို့အား အထူးကျေးဇူးတင်ရှိပါကြောင်း၊ ထို့အပြင် ပွဲတော်နှင့် နိုဗီးနာကာလ တစ်လျှောက်လုံးတွင်လည်း အလှည့်ကျ ဦးဆောင်ဆုတောင်းပေးသူများ၊ ဆွမ်းအလှူရှင်များနှင့် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ မြို့နယ်တပ်ရင်းတပ်ဖွဲ့၊ဒေသခံငြိမ်းချမ်းရေးလက်နက်ကိုင်အဖွဲ့၊ မီးသတ်တပ်ဖွဲ့၊ ကြက်ခြေနီအဖွဲ့နှင့် ကျန်းမာရေး စောင့်ရှောက်မှုအဖွဲ့ ၊ ဆက်ကပ်လူငယ်အဖွဲ့ ၄င်းအပြင် လွိုင်ကော်သာသနာ (၅)မိုင် ဘင်ခရာအဖွဲ့နှင့် ဖယ်ခုံဘင်ခရာအဖွဲ့တို့ကိုလည်း အထူးကျေးဇူး တင်ရှိပါကြောင်းကိုလည်း ပြောကြားသွားခဲ့ပါသည်။ မစ္ဆားတရားအပြီးတွင် အလှည့်ကျ ကိုယ်တော်မြတ်ဖူးမျှော်ခြင်း၊ နာမကျန်းသူများအတွက် မစ္ဆားတရားတော် အထူးကောင်းချီးပေးခြင်း အစီအစဉ်နှင့်



သဖြင့် မစ္ဆားတရားတော်ကြီးကို ဦးဆောင်ပူဇော်ပေးသော ဆရာတော်ကြီး ပီတာလတ်နှင့် တရားရေအေးကို တိုက်ကျွေးပေးသောဆရာတော်ကြီးဘာဆီးလျို့အားသိုက်အားလည်းကောင်း၊ ပါဝင်တက်ရောက်ပေးကြသော ဆရာတော်ကြီးများ၊ ရဟန်းတော်နောက်ဆုံးတွင် စီတန်းလှည့်လည်ခြင်း၊ ပုတီးစိပ်ခြင်းနှင့် သာသနာတော်ကို ဘုရားရှင်ထံအပ်နှံခြင်း၊ ကိုယ်တော်မြတ်ဖူးမျှော်ခြင်းတို့ဖြင့် အောင်မြင်စွာပြီးဆုံးခဲ့ကြောင်း သတင်းရရှိပါသည်။ (CBCM-OSC)

# ရဟန်းတော်များနှစ်ပတ်လည်ဝတ်စောင့်ခြင်း

တောင်ငူသာသနာ

တောင်ငူသာသနာ ဆရာတော်နှင့် ရဟန်းတော်များနှစ်ပတ်လည်ဝတ်စောင့်ခြင်းနှင့်အစည်းအဝေးကြီးကို(၂၉၊၁၁၊၂၀၁၆ မှ ၆၊၁၂၊၂၀၁၆)အထိတောင်ငူမြို့ ကက်သလစ်ဆရာတော်ကျောင်းတိုက်၌ ကျင်းပပြုလုပ်ခဲ့ပါသည်။ Preacherဖြစ်သော Rev.Fr.Maurice ညွန့်ဝေ(ပုသိမ်သာသနာ)မှ ဦးဆောင်ဦးရွက်ပြုလုပ်ခဲ့ပြီး (၄၊၁၂၊၂၀၁၆)နေ့တွင်ဆီများကောင်းချီးပေးခြင်း၊ ရဟန်းတော်များကတိသစ္စာပြန်လည်ဆန်းသစ်ခြင်းစုပေါင်းမစ္ဆားတရားတော်မြတ်ကို ယေရှုးရွှေနှလုံးတော်ကာသီဒြယ်ကျောင်း၌ ကျင်းပပြုလုပ်ခဲ့ကြပါသည်။ ၆၊၁၂၊၂၀၁၆ နေ့တွင် ကွယ်လွန်သွားခဲ့ပြီးသော သာသနာပြုဆရာတော်များ၊ ရဟန်းတော်များ၊ သီလရှင်၊ ကိုရင်များတို့၏ဝိညာဉ်အတွက်စုပေါင်းမစ္ဆားတင်ပူဇော်ပေးခဲ့ပါသည်။ ဝတ်စောင့်အစည်းအဝေးသို့ကြွရောက်လာသောရဟန်းတော်(၅၆)ပါးခန့်ရှိသည်။ဒက်ဖူးမယ်(ISR)







# ဦးပဉ္စင်းကြီးသိက္ခာခံယူခြင်း

**ရန်ကုန်ဂိုဏ်းချုပ်သာသနာ။၈၊၁၂၊၂၀၁၆**



ရန်ကုန်ကက်သလစ်သာသနာ စိန့်မေရီကာသီဒြယ်ကျောင်းတော်ကြီး၌ ဒီဇင်ဘာလ(၈)ရက်၊ မယ်တော်သခင်မ၏ အပြစ်မဲ့သန္ဓေယူခြင်းပွဲနေ့တွင် ဦးပဉ္စင်းသိက္ခာခံယူခြင်း အခမ်းအနားတစ်ခုကို ကျင်းပခဲ့ပါသည်။မစ္ဆားတရားတော်ကို ရန်ကုန်ဂိုဏ်းချုပ်လက်ထောက်ဆရာတော်ဂျွန်စောယောဟန်မှ ဦးဆောင်ကာ ကာဒီနယ်ကြီးချာလ်း(စ်)ဘိုပါဝင်လျှက်ရဟန်းတော်များ(၅၀)ခန့်ပါဝင်ပူဇော်ဆုတောင်းခဲ့ကြပါသည်။ဦးပဉ္စင်းသိက္ခာခံယူသောကိုရင်ကြီးများမှာ ကိုရင်အဲဘတ်ခင်မောင်ဝင်း၊ ကိုရင်ဖရန်းစစ်ဖေးဗီးယားထွန်းထွန်းနိုင်၊ ကိုရင်ဂျိုးစက်ကျော်သက် ၊ကိုရင်နီကောလပ်(စ်) သန်းမြင့်၊ ကိုရင်ပါစကားဂျိမ်းကျော်လင်းထွန်း၊ ကိုရင်ရိချက်အန်းဂဲဘက်လူးစ်စိန်လင်း၊ ကိုရင်စောပီတာ၊ ကိုရင်စီမေအုန်ချစ်စု၊ ကိုရင်ဆာဂရီမူသူးလှဝင်းတို့ဖြစ်ကြသည်။မစ္ဆားတရားတော်အတွင်းဆရာတော်ကြီးက ကိုရင်ကြီးတို့၏ ခေါ်တော်မူခြင်းအကြောင်းများကို ပြန်ပြောပြပေးခဲ့ရာ ရဟန်း၊ သီလရှင်တို့၏ ခေါ်တော်မူခြင်းနှင့်ပတ်သက်၍ ပတ်ဝန်းကျင်အသိုင်းအဝိုင်းတို့၏ ကောင်းသောပုံစံနမူနာ၊ ကူညီပံ့ပိုးမှု၊ ဆုတောင်းမေတ္တာများတို့သည် အရေးကြီးသောအရာများဖြစ်ကြောင်း၊ ရဟန်း၊ သီလရှင်တို့ တည်ရှိနေခြင်းသည်လည်း ယုံကြည်သူများအတွက် များစွာခွန်အားဖြစ်ရပါကြောင်း ပြောကြားပြီး၊ ကျွန်ုပ်တို့အသီးသီးသည် မိမိတို့၏ခေါ်တော်မူခြင်းကို အကောင်းဆုံးဖြည့်စွက်ရမည်ဖြစ်ကြောင်း ကျွန်ုပ်တို့အားလုံးသည် ကိုင်းကျွန်းမှီ ကျွန်းကိုင်းမှီများဖြစ်၍ တစ်ဦးနှင့်တစ်ဦးအပြန်အလှန် အထောက်အပံ့များပေးခြင်းဖြင့် အချင်းချင်းကူညီထောက်ပံ့ပေးကြရမည်ဖြစ်ကြောင်း၊ အတူအကွပါဝင်လျှက် သူတို့အားလုံးအတွက် ဆုတောင်းပေးပါရန်ဖိတ်ခေါ်ခဲ့သည်။ ဆရာတော်ကြီးက ကျွန်ုပ်တို့ရဟန်း၊ သီလရှင်များသည်မိမိတို့၏ ခေါ်တော်မူခြင်းအတိုင်း မိမိတို့၏ သိက္ခာ၊ ကတိသစ္စာများအတိုင်း နေထိုင်ရန်ကြိုးစားကြရမည်ဖြစ်ကြောင်း မိမိတို့သည် လောကအတွက် ဆား၊ အလင်းများဖြစ်ကြရမည်ဖြစ်ကြောင်းကိုလည်း ဩဝါဒမိန့်ကြားပေးခဲ့သည်။ **(cbcm-osc)**

## ရန်ကုန်- ကာလကတ္တားခရီးစဉ် MAI လေကြောင်း စတင်ပြေးဆွဲ

အိန္ဒိယနိုင်ငံ ကာလကတ္တားမြို့နှင့် မြန်မာနိုင်ငံရန်ကုန်မြို့ တိုက်ရိုက်ခရီးစဉ်ကို အပြည်ပြည်ဆိုင်ရာ မြန်မာလေကြောင်းလိုင်း MAI က ဒီဇင်ဘာလတစ်ရက်နေ့မှ စတင်ပြေးဆွဲနေပြီဟုသိရပါသည်။

အပတ်စဉ် ကြာသပတေးနေ့နှင့် တနင်္ဂနွေနေ့တို့တွင် နှစ်ရက် ပုံမှန်ပြေးဆွဲသွားမည်ဖြစ်ပြီး တစ်ယောက်လျှင်အသွားအပြန် လေယာဉ်လက်မှတ်ခ အမေရိကန်ဒေါ်လာ(၃၀၅)ဒေါ်လာ သတ်မှတ်ထားသည်ဟု သိရပါသည်။

၎င်းခရီးစဉ်ကို MAI လေကြောင်းလိုင်းပိုင် Airbus A320 လေယာဉ်နှင့် ပြေးဆွဲသွားမည်ဖြစ်ပြီး ခရီးသွားဦးရေများပြားလာလျှင် ရက်တိုးပြေးဆွဲသွားမည်ဟု သိရပါသည်။ ပြည်တွင်းလေကြောင်းလိုင်းတစ်ခုဖြစ်သည့် MAI လေကြောင်းလိုင်းသည် လက်ရှိရန်ကုန်အခြေပြု ပြည်ပခရီးစဉ် ၅ ခုကို ပြေးဆွဲပေးနေပြီး ယခုအချိန်မှာ ၆ ခုမြောက် ပြည်ပခရီးစဉ်ဖြစ်သည့် အိန္ဒိယနိုင်ငံကို ပျံသန်းပြေးဆွဲမည် ဖြစ်ပါသည်။**(မြစ်မခ)**

## ကလေးမြို့မှ ချင်းပြည်နယ်သို့ ပြေးဆွဲသည့် မော်တော်ယာဉ်များအတွက် ကားဝင်းသစ်ဖွင့်လှစ်

စစ်ကိုင်းတိုင်းဒေသကြီး၊ ကလေးမြို့မှ ချင်းပြည်နယ်၊ ဖလမ်းမြို့၊ တီးတိန်မြို့၊ တွန်းဇံမြို့၊ ဟားခါးမြို့နှင့် ရိဒ်ခေါဒါမြို့ကို ပြေးဆွဲသည့် မော်တော်ယာဉ်များအတွက်ကားဝင်းနေရာသစ်ကို ဒီဇင်ဘာ(၂)ရက်နေ့က ဖွင့်လှစ်လိုက်သည်ဟု ကလေးမြို့နယ်၊ ပုဂ္ဂလိက မော်တော်ယာဉ်များ စနစ်တကျပြေးဆွဲနိုင်ရေးကော်မတီ (မ.စ.က) က သိရပါသည်။

ထိုကားဝင်းသစ်နေရာသည် ကလေးမြို့၊ တောင်ဇီလာရပ်ကွက်၊ အရင် တာဟန်းရပ်ကွက်သုသာန်ဟောင်းနေရာတွင် တည်ဆောက်ထားခြင်းဖြစ်ပြီး တစ်ဧကခွဲခန့်ကျယ်ဝန်းသည်ဟု သိရပါသည်။

ကလေးမြို့မှ ချင်းပြည်နယ်သို့ ပြေးဆွဲသည့်ကားလေးများအနေနှင့် အရင်ကကားဂိတ်နေရာသီးသန့် မရှိခဲ့ဘဲ ကားလမ်းဘေး၌ဂိတ်ထိုးခဲ့ခြင်းကြောင့် ယာဉ်ကြောကြပ်မှုများ ၊ ယာဉ်မတော်တဆမှုများဖြစ်ခဲ့ရပြီး ယခုလိုကားဝင်းအသစ်ဖြစ်သွားသည့်အတွက်ပိုကောင်းသွားသည်ဟုလည်း ပုဂ္ဂလိက မော်တော်ယာဉ်များ စနစ်တကျပြေးဆွဲနိုင်ရေးကော်မတီက သိရပါသည်။ **(မြစ်မခ)**

## မီးဘေးသင့်မင်္ဂလာဈေးဟောင်း အသစ်တည်ဆောက်ရန် တင်ဒါခေါ်ယူသွားမည်

မန္တလေးမြို့မှ မီးလောင်ခံရသည့်မင်္ဂလာဈေးကြီး အသစ်တည်ဆောက်ရန်တင်ဒါလျှောက်လွှာများကို ဒီဇင်ဘာ ၂၈ ရက်နေ့တွင် စတင်ရောင်းချသွားမည်ဖြစ်သည်ဟု မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီက သိရပါသည်။ ထိုဈေးကြီးသည် မတ် ၂၂ ရက်က မီးလောင်ကျွမ်းမှုဖြစ်ပွားခဲ့ပြီး ဖြိုဖျက်ရန်လေလံခေါ်ယူရာတွင် အဆင်ပြေမှုမရှိခဲ့ခြင်းကြောင့် အသစ်ပြန်လည်တည်ဆောက်ရေးအတွက် လေလံခေါ်ယူဖို့ဆုံးဖြတ်ထားသည်ဟု မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီက သိရပါသည်။ မင်္ဂလာဈေးကြီး ပြန်လည်တည်ဆောက်ရန် တင်ဒါလျှောက်လွှာများကို ၂၀၁၆ ခုနှစ် ဒီဇင်ဘာ ၂၈ ရက်နေတွင် တစ်စုံကို(၁၅၀၀၀)ကျပ်နှင့် ရောင်းချမည်ဖြစ်ပြီး ၂၀၁၇ ခုနှစ် ဇန်နဝါရီ၁ရက်နောက်ဆုံးထားပြီးတင်ပြရမှာဖြစ်သည်ဟုသိရပါသည်။ အသစ်တည်ဆောက်မည့်မင်္ဂလာဈေးအတွက် ကုန်ကျမည့်ငွေပမာဏမှာ ကျပ်(၇.၁၇)ဘီလီယံရှိမည်ဖြစ်ပြီး မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီအနေနှင့်ဘတ်ဂျက်လျာထားမှုမရှိခြင်းကြောင့်ဆောက်လုပ်ရေး ကုမ္ပဏီများကို တင်ဒါခေါ်ယူဆောင်ရွက်သွားမည် ဖြစ်ပါသည်။ **(မြစ်မခ)**

## အထူးစောင့်ရှောက်ရန်လိုအပ်သောကလေးငယ်များအား စင်တာဖွင့်လှစ်၍ အခမဲ့စောင့်ရှောက်ပေးမည်

ပြဟ္မစိုရ်လူမှုကူညီရေးအသင်းနှင့်ရောင်ခြည်ဦးအသင်းတို့ပူးပေါင်းပြီး အထူးစောင့်ရှောက်မှုလိုအပ်သော ကလေးငယ်များ နေ့ပိုင်းစောင့်ရှောက်ရေးစင်တာကို ၂၀၁၇ခုနှစ်နှစ်ဆန်းပိုင်းတွင်မန္တလေးမြို့မှာဖွင့်ပြီး အခမဲ့စောင့်ရှောက်ပေးသွားမည်ဟု ထိုအသင်းများ ထံမှ သိရပါသည်။

ထိုစင်တာတွင် အထူးစောင့်ရှောက်မှုလိုအပ်သည့် ကိုယ်အင်္ဂါချို့ယွင်းအားနည်း သူ၊ အပြော၊ အကြားအာရုံ ချို့ယွင်းအားနည်းသူ၊ ဉာဏ်ရည်ချို့ယွင်းအားနည်းသူများကိုစောင့်ရှောက်ပေးသွားမည်ဖြစ်သည်ဟု သိရပါသည်။

၂၀၁၄ သန်းခေါင်စာရင်းအရ မြန်မာနိုင်ငံတစ်ဝှမ်းလုံးတွင် အထူးစောင့်ရှောက်ရန် လိုအပ်သည့်ကလေးငယ် တစ်သိန်းကျော်ရှိသည်ဟုသိရပြီး ကလေးငယ်များတန်ဖိုးမြင့်တက်လာစေရန် မြန်မာနိုင်ငံတစ်ဝှမ်းလုံးတွင် အထူးကလေးစောင့်ရှောက်ရေးစင်တာများ ဖွင့်လှစ်ဖို့ ဆောင်ရွက်သွားမည်ဟုလည်း ရောင်ခြည်ဦးအသင်းမှ သိရပါသည်။

ထိုဒီစင်တာကို အပတ်စဉ်တနင်္လာနေ့မှ သောကြာနေ့အတွင်း တစ်ပတ်လျှင် သုံးရက်ဖွင့်လှစ်ပေးသွားမည်ဖြစ်ပြီး ၂၀၁၅ ခုနှစ်တွင် ရန်ကုန်မြို့၌ စတင်ဖွင့်လှစ်ခဲ့ခြင်းဖြစ်ကာ မော်လမြိုင်မြို့တွင်လည်း ဆက်လက်ဖွင့်လှစ်ရန်ရည်ရွယ်ထားသည်ဟုသိရပါသည်။**(မြစ်မခ)**

## မန္တလေးမြို့အဝင်(၁၆)မိုင်ဂိတ်တွင် လူဝင်မှုကြီးကြပ်ရေးအဖွဲ့များ ပြန်လည်ထားရှိမည်

မန္တလေးခရိုင်၊ ပုသိမ်ကြီးမြို့နယ်မှ မန္တလေးမြို့အဝင်စစ်ဆေးရေးဂိတ်၊ (၁၆)မိုင်ဂိတ်တွင် လူဝင်မှုကြီးကြပ်ရေးဌာနမှ စစ်ဆေးရေးအဖွဲ့ဂိတ်ကို ၂၀၁၇ မှာပြန်ထားသွားရန် အစီအစဉ်ရှိသည်ဟုမန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့က သိရပါသည်။

နိုဝင်ဘာလအတွင်း ပြည်ပနိုင်ငံကဝင်ရောက်လာသည့် တရုတ်နိုင်ငံသားလင်မယားနှစ်ယောက်ကို လူဝင်မှုကြီးကြပ်ရေးဦးစီးဌာနက တရားစွဲဆိုဖို့ပြင်ဆင်နေသည့်အချိန် ထိုလင်မယားနှစ်ယောက်သည် တရုတ်နိုင်ငံသို့ထွက်ပြေးသွားခြင်းကြောင့် **လဝက** ဂိတ်ကိုပြန်ထားဖို့စီစဉ်နေခြင်းဖြစ်သည်ဟု မန္တလေးတိုင်းဒေသကြီး လူဝင်မှုကြီးကြပ်ရေးဦးစီးဌာနက သိရပါသည်။၎င်းလူဝင်မှုကြီးကြပ်ရေး စစ်ဆေးရေးဂိတ်တွင် မန္တလေးမြို့တွင်းနိုင်ငံခြားသား ဧည့်သည် အဝင်အထွက်နှင့်ပတ်သက်ပြီးဗီဇာသက်တမ်းကျော်လွန်နေထိုင်သူများကို စစ်ဆေးဆောင်ရွက်နိုင်ရန်ဆောင်ရွက်သွားမည် ဖြစ်သည်ဟုသိရပါသည်။

ထိုလူဝင်မှုကြီးကြပ်ရေးစစ်ဆေးရေးဂိတ်သည် စစ်ဆေးရေးဂိတ်များပြားလွန်းခြင်းနှင့်ငွေကြေးကောက်ခံမှုများရှိခြင်းကြောင့်၂၀၁၅ ခုနှစ်ကဖျက်သိမ်းခဲ့ခြင်းဖြစ်ပြီး ယခုအချိန်တွင် ပြန်လည်ဖွင့်လှစ်ရန်ရဲတပ်ဖွဲ့ကဦးစီးပြီး တိုင်းဒေသကြီးအစိုးရအဖွဲ့သို့ နိုဝင်ဘာလတတိယပတ်တွင် တင်ပြထားသည်ဟုလည်း သိရပါသည်။**(မြစ်မခ)**

## တိုင်းဇရာရဲတပ်ဖွဲ့တွင်ရဲတပ်သားသစ်များကိုခေါ်ယူနေပြီး မိမိနေထိုင်ရာမြို့နယ်တွင် ပြန်လည်တာဝန်ချထားမည်

ဧရာဝတီတိုင်းဒေသကြီး၊ ရဲတပ်ဖွဲ့ကိုဝင်ရောက်ရန်ရဲတပ်သားအသစ်များကိုခေါ်ယူနေပြီး ရဲသင်တန်းဆင်းပြီးလျှင် သူတို့နေထိုင်သည့် မြို့နယ်ရဲစခန်းများတွင်ပြန်လည်တာဝန်ချပေးသွားမည်ဟု ဧရာဝတီတိုင်းဒေသကြီး၊ ရဲတပ်ဖွဲ့မှူးရုံးမှ သိရပါသည်။

ရဲတပ်သားအသစ်များကို(၄)တစ်ခါ အယောက်(၁၀၀)နှုန်းခေါ်ယူနေပြီး သင်တန်းအတွက်လျှောက်လွှာများကို နီးစပ်ရာရဲစခန်းများတွင် အခမဲ့တောင်းယူနိုင်သည်ဟုလည်း သိရပါသည်။ ယောကျ်ားလေးများမှာ ပုသိမ်၌တက်ရမည်ဖြစ်ပြီး မိန်းကလေးများမှာ ရမည်းသင်း၊ ဝက်ထီးကန်စတဲ့သင်တန်းကျောင်းများတွင် သွားတက်ရမည်ဖြစ်သည်ဟုသိရပါသည်။သင်တန်းတက်ရောက်သည့်လကစပြီး လစာငွေ ၁ သိန်း ၂ သောင်းကျပ်၊ ရိက္ခာငွေတစ်ရက်ကို ကျပ်(၁၀၀၀)နှုန်းနှင့် တစ်လစာ(၃)သောင်းကျပ်၊ နေထိုင်ရေး၊ ရေမီးသုံးစွဲခွင့်အခမဲ့ခံစားခွင့်များပေးအပ်သွားမည်ဟုသိရပါသည်။

ရဲတပ်ဖွဲ့သို့ဝင်ရောက်လိုသူများအနေနှင့် ဒီဇင်ဘာ(၁)ရက်မှစတင်၍လျှောက်ထားနိုင်ပြီးလျှောက်ထားသူ သင်တန်းသား(၁၀၀)ပြည့်လျှင် ပထမအသုတ်အဖြစ် ပုသိမ်မြို့ ဧရာဝတီတိုင်းရဲတပ်ဖွဲ့ရုံးတွင် သင်တန်းပေးသွားမည်ဖြစ်ကာ သင်တန်းကာလမှာလေးလကြာမြင့်မည်ဟုသိရပါသည်။ **(မြစ်မခ)**

# ခရစ်တော်၌အိပ်ပျော်ခြင်း

### ဘုန်းတော်ကြီး ဂျော်နီဦး ဟယ်ရယ်
### အသက်တော် (၇၄ )နှစ်၊ ရဟန်းဝါတော် (၄၅) ဝါ




လွိုင်ကော်ကက်သလစ်သာသနာမှ ဖာသာရ် ဂျော်နီဦး ဟယ်ရယ် (အသက်တော် ၇၄ နှစ်၊ ရဟန်းဝါတော် (၄၅) ဝါ) သည် ၂၀၁၆ ခုနှစ်၊ နိုဝင်ဘာလ (၂၈) ရက်၊ ည (၈း၀၁) နာရီအချိန်တွင်နောင်ယား (ခ) ရပ်ကွက်ရှိ ဘုန်းတော်ကြီးများ သီတင်းသုံးရာ ကျောင်းဆောင်၌ ပျံလွန်သွားခဲ့ပါသည်။(၂၉)ရက်နေ့ နံနက်(၁း၀၀) နာရီအချိန်တွင် ကျန်ရစ်ခဲ့သောသူ၏ ရုပ်ကလပ်အား မိုဆိုတိုက်နယ် ထီးဒီးကူးကျေးရွာသို့ ပင့်ဆောင်သွားခဲ့သည်။

**ဖာသာရ် ဂျော်နီဦး ဟယ်ရယ်၏ထေရုပ္ပတ္တိအကျဉ်း**

အဖ ဦးမာရ်တီးနီ လူရယ်နှင့် အမိဒေါ်အားကနာ ဖရေးမိုးတို့၏ သားဖြစ်ပြီး ၁၈၊၁၉၄၂ခုနှစ်တွင် မွေးဖွားကာ ၁၇၇၀ခုနှစ်၊ ဩဂုတ်လတွင် ဦးပဋ္ဌင်းသိက္ခာတင်ပြီး ရဟန်းသိက္ခာကို ၂၄၊၄၊၁၉၇၁ခုနှစ် ဒီမောဆိုမြို့၌ ဆရာတော် J.B Gobatto လက်ထက်တွင်ခံယူခဲ့သည်။ သတင်းသုံးခဲ့သောနေရာများမှာ

-၁၉၇၁-၁၉၇၃ လက်ထောက်ဘုန်းတော်ကြီး(တောင်ကြီးရဟန်းဖြစ်သင်ကျောင်း)
-၁၉၇၃-၁၉၇၄ လက်ထောက်ဘုန်းတော်ကြီး(လွိုင်ကော်)
-၁၉၇၄-၁၉၈၁ ကျောင်းထိုင်ဘုန်းတော်ကြီး (ဒေါရောက်ခူ)
-၁၉၈၁-၁၉၈၇ ကျောင်းထိုင်ဘုန်းတော်ကြီး(မော်ချီး)
-၁၉၈၇-၁၉၈၉ ကျောင်းထိုင်ဘုန်းတော်ကြီး(လွိုင်လင်လေး)
-၁၉၈၉-၁၉၉၁ ကျောင်းထိုင်ဘုန်းတော်ကြီး(ဒီးမောဆို)
-၁၉၉၁ ကယားဘာသာစကားဖြင့် ကျမ်းစာဘာသာပြန်(လွိုင်ကော်)
-၁၉၉၅-၁၉၉၈ Chancellor (လွိုင်ကော်)
-၁၉၉၉လွိုင်ကော်တိုက်နယ်၌လိုအပ်သည်များကိုကူညီရင်းအနားယူခဲ့သည်။

၎င်း၏မစ္ဆားတရာတော်မြတ်နှင့် ရုပ်ကလပ်အားဂူသွင်းသင်္ဂြိုလ်ခြင်းကို ၁၊၁၂၊၂၀၁၆ (ကြာသပတေးနေ့ နံနက်(၉)နာရီချိန်တွင် ပြုလုပ်ခဲ့သည်။ သူ၏အသက်ဝိညာဉ်အတွက် ဆုတောင်းပေးကြပါရန် ဖိတ်ခေါ်အပ်ပါသည်။

## CBCM-Herald အလှူရှင်များ

| | | |
|---|---|---|
| ၁ | ဦးဩဂုတ်စတင်းမိသားစု (ရန်ကုန်) | ၅ ၀၀၀ |
| ၂ | ဦးဂျွန်မိသားစု (ပြင်ဦးလွင်) | ၁၀ ၀၀၀ |
| ၃ | ဒေါ်စန်းကြည်(လားရှိုး) | ၂ ၀၀၀ |
| ၄ | ဒေါ် မယော်နန် (လားရှိုး) | ၃ ၅၀၀ |
| ၅ | ကျောင်းဒကာ မာတီယာဦးမောင်ဖိုး နောင်ယား(ခ) လွိုင်ကော်မှ ဘုရားသခင်အားကျေးဇူးတင်ခြင်း အတွက် ဒီဇင်ဘာလတစ်လစာ | ၃ ၀၀၀ |
| ၆ | ပါစကားမန်စွမ်းလျံ | ၅၀ ၀၀၀ |
| ၇ | အမည်မဖော်လိုသူ | ၂၅ ၀၀၀ |
| ၈ | ဒေါ်လုကြည် | ၁၀ ၀၀၀ |
| ၉ | မအဲလစ်(မိုင်းလား)မိသားစု | ၁၀ ၀၀၀ |

## သမ္မာကျမ်းစာပြိုင်ပွဲပါဝင်မည့်မေးခွန်းများနှင့်မေးခွန်းပုံစံများ

ယခုနှစ် ညောင်လေးပင်ပွဲတော်တွင်ပြုလုပ်မည့် သမ္မာကျမ်းစာပြိုင်ပွဲတွင် ပါဝင်မည့်မေးခွန်းများနှင့်မေးခွန်းပုံစံများမှာအောက်ပါအတိုင်းဖြစ်ကြောင်း အသိပေးဖော်ပြအပ်ပါသည်။

၁။မေးခွန်းပုံစံများမှာ (က)အမှားအမှန်ရွေးခြင်း၊ (ခ)အမှန်ဆုံးအားရွေးချယ်ခြင်း၊ (ဂ)ကွက်လပ်ဖြည့်ခြင်းများ။

၂။ မေးမြန်းမည့်သမ္မာကျမ်းစာများမှာ အောက်ပါအတိုင်းဖြစ်ပါသည်။ (က) မိုးဇယ်၏ကျမ်း(၅)စောင်နှင့် ရာဇဝင်ကျမ်းများ (ခ) ပရောဖက်ကျမ်းများ (ဂ)တမန်တော်ဝတ္ထု ရှင်ပေါလုပေးစာနှင့် ဟေဗြဲဩဝါဒ (ဃ)ဧဝံဂေလိကျမ်းနှင့် ရှင်ယောဟန်ကျမ်းများ

**မှတ်ချက်။ ။တွဲဘက်ကျမ်း(၉)စောင်၊ ဆာလံကျမ်း၊ ပညာလိမ္မာကျမ်းနှင့် ဆော်လမွန်သီချင်းများပါဝင်မည်မဟုတ်ကြောင်း**

**(ပြိုင်ပွဲကျင်းပရေးကော်မတီ)**







ငြိမ်းချမ်းမေတ္တာ ဘာသာပေါင်းစုံအစည်းအဝေး...စာ(၉)



စိန်ဗရန်စစ်ဆေးမီးယားကုသိုလ်ဖြစ်ဆေးခန်းဖွင့်ပွဲ...စာ(၁၆)



မွေတေးဖြစ်တဲ့ Trinita Star (မြန်မာနိုင်ငံတွင် ပထမဆုံးပြုလုပ်ကျင်းပခဲ့တဲ့ မွေတေးသီချင်းဆိုပြိုင်ပွဲ)ရဲ့ သီချင်းများကို ၂၀၁၇ နှစ်သစ်ကူးမှာ ဖြန့်ချီပါမယ်။

မွေသီချင်း(ဝတ်ပြုကိုးကွယ်ခြင်းမှာအသုံးပြုနေတဲ့မွေသီချင်း)များကို ညောင်လေးပင်မယ်တော်ပွဲတော်မှာ ဖြန့်ချီပါမယ်။

DVDအခွေများကို မိမိတို့နှင့် အနီးစပ်ဆုံးဆရာတော်ကျောင်းများနှင့် လူထုဆက်သွယ်ရေးရုံးများမှာ ပို့ပေးထားပါမယ်။

ကိုယ်စားလှယ်ဖြန့်ပေးချင်တဲ့သူများရှိရင်လည်း အကြောင်းကြားပေးပါ။




မေတ္တာရပ်ခံခြင်း။

မူရင်းအခွေများကိုသာအားပေးကြပါ။ Copy လုပ်တယ်ဆိုတာ မူပိုင်ခွင့်ပြုချက်လိုအပ်ပါတယ်။ မူပိုင်ခွင့်ပြုချက်မရပဲ copy မပြုလုပ်ခြင်းဖြင့် အချင်းချင်းကူညီရင်းပံ့ပိုးကြပါစို့။

ကျေးဇူးတင်လျှက်...

Fr.Leo Mang SDB – (CBCM-OSC Director)

# ဆက်ကပ်လူငယ်များအားဖိတ်ခေါ်ခြင်း

အကြောင်းအရာ။ ။RVA မြန်မာဘာသာအစီအစဉ် Online Program အတွက်ဆက်ကပ်လူငယ်များကို အလုပ်အကိုင် ဖိတ်ခေါ်ခြင်း။

မြန်မာပြည် ကက်သလစ်အသင်းတော်အနေဖြင့် (RVA ) **Radio Veritas Asia** အသံလွှင့်ခြင်းအစီအစဉ်သည် ကက်သလစ် ဘာသာဝင်များအတွက် အသက်ဝိညာဉ်ခွန်အားရရှိရာ တစ်ခုတည်းသော မီဒီယာဖြစ်ပါသည်။ ဤအစီအစဉ်ကို ရေဒီယိုဖြင့်လည်းကောင်း၊ ယခုခေတ်သမယ၌ အင်တာနက်ဖြင့် ချိတ်ဆက်လျှက် Laptop,Tablets, ဟန်းဖုန်းများဖြင့်၂၄ နာရီ အချိန်မရွေး၊ နေရာမရွေးမှဖမ်းယူနားဆင်နိုင်ပါသည်။ ပိုမိုတိုးတက်ရန် လိုအပ်သောပြင်ဆင်မှုများကို စီစဉ်ဆောင်ရွက်လျက် ရှိနေပါသည်။ သို့ဖြစ်ပါ၍ **Online** နှင့်ပတ်သက်သော နည်းပညာရပ်ကို စိတ်ပါဝင်စားပြီးလက်တွေ့လုပ်ဆောင်နေ သောအသင်းတော်အား ဆက်ကပ်လိုသည့် ကက်သလစ်လူငယ်များအား **RVA**မြန်မာပိုင်းအစီအစဉ်မှဖိတ်ခေါ်ပါသည်။ အသေးစိတ် သိရှိလိုပါက အောက်ပါအတိုင်းဆက်သွယ်မေးမြန်းနိုင်ပါသည်။

ဆက်သွယ်ရန်။ ။(ရုံးဖုန်း) ၀၂-၃၄၆၂၁
၀၉-၂၅၅၇၄၀၈၃၁ **Sr. Say Phaw,** ၀၉-၂၅၄၉၀၇၇၇၁ **Sr. Regina**
၀၉-၂၅၂၅၀၈၀၅၀ **Pinky,** ၀၉-၂၅၉၄၁၄၃၉၂၇ **William Zaw Naing Oo**
**E-mail – mandalayrva@gmail.com/ rosematilda97@gmail.com**




သင်၏လက်ကိုင်ဖုန်းထဲသို့(RVA)အာရှသမ္မာတရားလေလှိုင်းအသံများကို Mobile ဖြင့် (၂၄)နာရီနားဆင်နိုင်ပါပြီ။




http://myanmar.rveritas-asia.org/ အချိန်အခါမရွေး၊ နေရာမရွေး RVA - Mobile - သုံးကြစို့



